ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့ (5-12-2014) (၈၀၄၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင်မင်းမြတ်မွေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ယနေ့ မာတိကာ

နိုင်ငံ့ဝန်ထမ်းလစာ တိုးမြှင့်ပေးရေးနှင့် ဆက်စပ် စဉ်းစားစရာများ

စာမျက်နှာ - ၆

တက္ကသိုလ်/ ဒီဂရီကောလိပ်များသို့ ပထမနှစ်သင်တန်း ခြေလှမ်းသစ်များ စတင်လျှောက်လှမ်း

စာမျက်နှာ - ၇

# နော်ဝေနိုင်ငံ ပဉ္စမမြောက်ဘုရင်နှင့် မိဖုရား နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိသည့် ရန္တပိုရွာအိုးလုပ်ငန်း ကြည့်ရှုလေ့လာ

**မန္တလေး ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ် ဘုရင်နှင့် မိဖုရား ဆွန်ယာတို့သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိသည့် ရန္တပိုကျေးရွာ အိုးလုပ်ငန်းနှင့် အင်္ဂလိပ်-မြန်မာ ပထမ ကျူးကျော်စစ်ရပ်စဲရေးစာချုပ်ချုပ်ဆိုသည့် အမှတ်တရ ကျောက်စာတိုင်တို့ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပုဂံမြို့မှ အထူးသင်္ဘောဖြင့် လာရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရားတို့သည် ရန္တပိုကျေးရွာရှိ အသက်(၈၀)ကျော် အိုးလုပ်ငန်းရှင် ဦးဘချစ်၏ အလုပ်ရုံ၌ မြေအိုးလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ၍ အမှတ်တရလက်ဆောင်ပေးအပ်သည်။

ရန္တပိုကျေးရွာအနေဖြင့် မြေအိုးထုတ်လုပ်မှုကို မြန်မာဘုရင်များလက်ထက်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး ခေတ်အဆက်ဆက် ရိုးရာနည်းပညာများအတိုင်း ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလုပ်ကိုင်ခဲ့သော မိသားစုလုပ်ငန်းတစ်ခုဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိသည့် ရန္တပိုကျေးရွာသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အိုးထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်း ပိုမိုတွင်ကျယ်လာ၍ ယခင်က မန္တလေးနှင့်မြင်းခြံမြို့တို့သို့ တင်ပို့နေရာမှ ယခုအခါ မြန်မာတစ်နိုင်ငံလုံးသို့ ပိုမိုတင်ပို့လာခဲ့ရသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်နောက်ပိုင်း ကမ္ဘာလှည့်ခရီးသွားများ၏ ခရီးတစ်ထောက် ဝင်ရောက်ရပ်နားလေ့လာသောနေရာ တစ်ခုအဖြစ် တိုးတက်လာကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳**



နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့ ရန္တပိုကျေးရွာရှိ အိုးလုပ်ငန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် ခင်းကျင်းထားမှုကိုတွေ့ရစဉ်။

# အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

နိုဝင်ဘာ ၂၉ ရက်(စနေနေ့)တွင် မိတ်ဆွေတစ်ဦး ပြည်ပခရီးသွားမည်ဖြစ်သဖြင့် လက်ဆောင်ပစ္စည်းများဝယ်ရန် ကားငှား၍ ရန်ကုန်မြို့ထဲရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ ထွက်လာသည်။ လမ်းခရီးတစ်ဝက်လောက်တွင် ကားလမ်းများ ပိတ်ဆို့နေသဖြင့် ရောက်ရှိသည့်နေရာကို လေ့လာကြည့်မိရာ ဂွတ္တာလစ်လမ်းဆုံရောက်ရှိနေသည်။ အတွေးတစ်ခုဝင်လာသည်မှာ ယခုရောက်ရှိနေသည့်နေရာနှင့် မလှမ်းမကမ်းတွင် သမဝါယမစီးပွားရေးဗဟိုဌာန အဆောက်အအုံတစ်ခုကို သတိရ၍ "သူငယ်ချင်း ဒီမီးပွိုင့်ကျော်ရင် ဆင်းရအောင်။ ဗိုလ်ချုပ်ဈေးမသွားတော့ဘူး။ ဒီနားမှာ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေရှိတယ်။ ဝင်ကြည့်ရအောင်။ အဆင်မပြေမှ မြို့ထဲသွားကြတာပေါ့ကွာ"လို့ ပြောတော့ သဘောတူပြီး ကျသင့်ကားခရှင်းပေးကာ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းထောင့်ရှိ သမဝါယမဗဟိုဌာန အဆောက်အအုံ ပထမထပ် သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ လျှောက်လှမ်းခဲ့ရာ တစ်ခဏတာအတွင်း ရောက်ရှိသွားခဲ့သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✿**

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်၊ ပင်လောင်း၊ ဟားခါး | ၆ ဒီဂရီစင်တီဂရိတ် |

နဂါးနီ
ဘုရိတ်ဓါးဆူးကြိုးတပ်ဆင်၊ ဖြန့်ချီရေး
ဆိုင်(၁)-အမှတ်(၇၆) သမိန်ဗရန်းလမ်း၊ တာမွေမီးသတ်မျက်နှာချင်းဆိုင်။
ဆိုင်(၂)-အမှတ်(၁)၊ သံသုမာလမ်း၊ မြန်မာ့ဝုဏ်ရောင်အိမ်ယာမျက်နှာချင်းဆိုင်၊ တာမွေ။
★ အမျိုးအစား အလိုက် ဈေးနှုန်းမှန် ဖြစ်ရမည်။
★ ကျွမ်းကျင်ဝန်ထမ်းများဖြင့် စနစ်တကျ စံချိန်မီ တပ်ဆင်ပေးသည်။
★ အိမ်အရောက်၊ ပစ္စည်းပြသ၍ ကုန်ကျစားရိတ်ကို ကြိုတင်ခန့်မှန်း တွက်ချက်ပေးသည်။
Ph:09 73020031,09 73145701,09 450054449

မှန် ဒေါက်တာ
ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အိမ်အရောက် ပြုပြင်ပေးသည်။
ရန်ကုန် - 09 4211 51119, 09 4500 54449
မန္တလေး - 09 7322 9563

ကြံ့ထိုင်းအောင် မျက်နှာကျက်
✱ ၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၀၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
✱ အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2'), T - Bar, L-Bar များကိုသာသုံးစွဲတပ်ဆင်ပေးသည်။
Ph:01 541018, 09 730 20031,09 730 20032

ကြေးမုံစာတည်းရှုထောင့် ၅-၁၂-၂၀၁၄၊ သောကြာနေ့

# ဗလငါးတန်ဖွံ့ဖြိုးရေး

မျက်မှောက်ကာလတွင် ဗလငါးတန်ဖွံ့ဖြိုးရေးကို အလေးထားပြောဆိုလာကြသည်။ ဗလငါးတန်ဖွံ့ဖြိုးရေးကို တစ်ချိန်သောကာလက လူငယ်ထုအပေါင်းကလည်း နားလည်၊ လူကြီးများအပိုင်းကလည်း အားပေးမြှင့်တင်ကြ၍ လူငယ်ထုအတွင်းမှ လူချွန် လူကောင်းများစွာ ပေါ်ထွက်လာသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင် ဗလငါးတန်ဖွံ့ဖြိုးရေးကို ပြန်လည်အားပေးမြှင့်တင်ကြခြင်းဖြစ်သည်။

ယခုအခါ ဗလငါးတန်နှင့် အလှမ်းဝေးခဲ့၍ အချို့လူငယ်ပိုင်းသာမက လူလတ်ပိုင်းတို့ပင် ဗလငါးတန်ကို ခွန်အားဗလကြီးခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်းတို့နှင့် မှားယွင်းပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။ အမှန်တွင် ဗလငါးတန်ဆိုသည်မှာ ကာယ(ကိုယ်ခန္ဓာကြံ့ခိုင်ရေး)၊ ဉာဏ(ဉာဏ်ပညာနှင့်တကွ အသိပညာမြင့်မားရေး)၊ စာရိတ္တ(ကိုယ်ကျင့်တရားကောင်းမွန်ရေး)၊ ဘောဂ(ကြီးပွားတိုးတက်ရေး)နှင့် မိတ္တ(မိတ်ကောင်းဆွေကောင်း မိတ်သင်္ဂဟပေါများရေး)တို့ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များစွာဆီက လူငယ်လူရွယ်များအနေဖြင့် အတန်းပညာကို နေ့စဉ်သင်ကြားကြရာတွင် အသိပညာမြင့်မားရေးအတွက် ကျောင်းသင်ဘာသာရပ်များသာမက ဘာသာတရား၊ လောကကျင့်ဝတ်တို့နှင့် ကိုယ်ကာယကြံ့ခိုင်မှုတို့ကိုပါ တွဲဖက်သင်ကြား အားထုတ်ခဲ့ရသည်။ ထိုအခြေအနေမျိုးမှ အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာခဲ့ရပြီးနောက် ကျောင်းသားကျောင်းသူများအဖို့ စာတော်ရေးကိုသာ ရှေ့တန်းတင်ခဲ့ကြသည်။ ထိုသို့ စာတော်ရေးသာ အလေးထားအားထုတ်မှုကြောင့် ဗလငါးတန်ဖွံ့ဖြိုးရေးကွယ်ပျောက်ရမည့်အဖြစ်များကို သိရှိနားလည်လာကြ၍ ယခုအခါ ပြန်လည်အားပေးလာကြသည်ကို တွေ့ရသည်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တို့အနေဖြင့် စာတော်နေရုံဖြင့် မပြီးချေ။ ဘက်စုံထူးချွန်သော လူတော်လူကောင်းများဖြစ်ထွန်းရေးအတွက် ကျောင်းသား၊ ဆရာ၊ မိဘ၊ ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ဗလငါးတန်ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် အလေးထားဖော်ဆောင်ကြရမည်ဖြစ်သည်။ စာတော်ရုံသာ အားထုတ်လျှင် တစ်မျိုးကောင်းဖြင့် လူမှုဘဝနယ်ပယ်တွင် ခိုင်ခိုင်မာမာ မရပ်တည်နိုင်၊ ပညာချွန်ရုံသာမက ဘက်စုံချွန်စေရန် အားကစားပြိုင်ပွဲများတွင် ပါဝင်ခြင်း၊ အဖွဲ့အစည်းများတွင် ဝင်ရောက်ဆောင်ရွက်ခြင်း၊ ဘာသာတရားအဆုံးအမများကို လေ့လာဆည်းပူးခြင်းဖြင့် ကြီးပွားတိုးတက်သော လူချွန်လူကောင်းများဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သင့်သည်။

လူငယ်လူရွယ်များအနေဖြင့် ပညာဆည်းပူးကြရာတွင် လက်ငင်းရည်မှန်းချက်တစ်မျိုးတည်းကိုသာ အာရုံစိုက်၍ အားထုတ်ပါက အတ္တကိုဗဟိုပြုသော အားထုတ်မှုသို့ ပြောင်းလဲသွားပြီး နောင်အရှည်လူမှုဘဝနယ်ပယ်၌ အတ္တဆန်သောစိတ်ထားများလွှမ်းမိုးကာ ဘဝနှင့်နယ်ပယ်အံဝင်ခွင်ကျ မဖြစ်တတ်သည်ကို သတိပြုသင့်သည်။ ထို့ကြောင့် ယနေ့မြှင့်တင်ဆောင်ရွက်ပေးနေသော ကြက်ခြေနီ၊ ကင်းထောက်လူငယ်၊ ဘာသာရေးအသင်းအဖွဲ့ စသည်တို့၌ လူငယ်လူရွယ်များ ပညာသင်ရင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် နောင်အရှည်လောကအတွက် ကောင်းမွန်သည့်အနေအထားများကို ရရှိပိုင်ဆိုင်နိုင်မည်။

ယနေ့အသိပညာမြင့်မားသော ကမ္ဘာ့ရွာကြီးတွင် လူငယ်တို့အတွက် ဗလငါးတန်အပြင် စိတ်ဓာတ်ကြံ့ခိုင်မှုသည်လည်း အရေးကြီးကြောင်း ညွှန်ပြထားကြသည်။ သက်ဝင်ယုံကြည်မှု၊ ထိုးဖောက်သိမြင်နိုင်မှု၊ လုံ့လစိုက်ထုတ်မှု၊ အသိတရားရှိမှု၊ အာရုံစူးစိုက်မှု ငါးမျိုးသည်လည်း ခေတ်အခြေအနေအလိုက် မှတ်သားလိုက်နာသင့်သော အချက်များဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်များအနေဖြင့် မိမိတို့၏ ဘဝရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြရာ၌ ကျောင်းစာတော်ရုံဖြင့် မလုံလောက်သေးဘဲ လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အသိဉာဏ်ဖွံ့ဖြိုးရေးကိုပါ ပွားများအားထုတ်သင့်ပါသည်။ သို့မှသာ နောင်အရှည်တွင် မိမိတို့ကျင်လည်ဖြတ်သန်းရမည့် လူမှုဘဝနယ်ပယ်နှင့် လိုက်ဖက်ဆီလျော်မည့် ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်ပေါ်လာမည်မှာ သေချာပါသည်။ ။

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာရုပ်မြင်သံကြားထုတ်လွှင့်ခြင်းသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၄**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူးပေါင်းစီစဉ်ရိုက်ကူးထားသည့် ရုပ်မြင်သံကြားအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)တို့ သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မင်္ဂလာသီရိဟိုတယ် Banquet Hall-2 ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာ ဘာထရမ်ဘိန်းဖဲလ်တို့ တက်ရောက် အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာအသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့်ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်မစ္စတာဘာထရမ်ဘိန်းဖဲလ်တို့က သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။**(အောက်ပုံ)**

ယင်းနောက် မြန်မာအသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက ၂၀၁၃ ခုနှစ်အတွင်း Community on air working group နှင့်ပတ်သက်သည့် လုပ်ဆောင်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးပိုက်ထွေးနှင့်ကုလသမဂ္ဂဖွံ့ဖြိုးရေးလုပ်ငန်းများဆက်သွယ်ရေးဌာနမှူး မစ္စတာ ဆူလေမန်မာလိခ်တို့က မြန်မာအသံနှင့်ရုပ်မြင်သံကြား၊ FM ပုဂံ၊ ပတ္တမြား FM၊ ပဉ္စဝတီ FM၊ မန္တလေး FM ၊ ချယ်ရီ FM တို့အား ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေး စာစောင်များအား လှည့်လည်ကြည့်ရှုကြသည်။

မွေးစာရင်းမှတ်ပုံတင်ခြင်း၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးတိုက်ကျွေးခြင်းနှင့် မိသားစုမပြိုကွဲအောင်ကာကွယ်စောင့်ရှောက်ခြင်းစသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များပါဝင်သည့် အသိပညာပေး ရုပ်မြင်သံကြားအစီအစဉ်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၇၀၀ | - | ၆၆၀၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၇၀၀ | - | ၆၆၀၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၂.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၆.၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၁၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇.၆၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၅၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၅.၇၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁.၉၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၂.၉၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁.၃၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




နန်းအိအိဇာတည်းဖြတ်ထုတ်ဝေသည့် Wellness ကျန်းမာရေးနှင့် အလှအပ မဂ္ဂဇင်း အနာမယ



- အမြဲတမ်း စိတ်ကို နုပျိုအောင်ထားတယ်ဆိုတဲ့ နေမင်း
- အလှအပက ၁၀၀ ရာခိုင်နှုန်း အရေးပါတယ်လို့ဆိုတဲ့ Miss Myanmar International 2013 ဂုဏ်ရည်အေးကျော်
- သားလေးကို အချစ်တွေ အားလုံးပုံပေးပြီး အကောင်းဆုံးပြုစုပျိုးထောင်သွားမယ့် ဖေဖေဖြိုးငွေစိုးနဲ့ မေမေဇင်ဇင်
- ဘဝထဲက မိန်းမသား ဆရာမ စုထားနှင့် တွေ့ဆုံခြင်း
- Fumo Engineering ၏ Business Development Manager မမေထားဟန်နှင့် တွေ့ဆုံခြင်း ● ဖျားနာခြင်းများအတွက် သဘာဝဆေးမြီးတိုများဖြင့် ကုစားခြင်း ● တွေးချင့် သွေးစစ်
- အိပ်စက်နားနေခြင်းရဲ့အစွမ်းသတ္တိများ ● ဆေးလိပ်ဖြတ်နည်းသစ်
- ကဗျာဆရာ၊ ဇာတ်ညွှန်းဆရာ အကယ်ဒမီ မြင့်ဦးဦးမြင့်နှင့် တွေ့ဆုံခြင်း
- အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုးအန္တရာယ်

ထွက်ပြီ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

နန်းအိအိဇာ တည်းဖြတ် ထုတ်ဝေသည့် အလှအပများနှင့် Life မဂ္ဂဇင်း



- Life အလှကုန်များနဲ့ လှသွေးကြွယ်နေတဲ့ မိုးစက်ဝိုင် ● ဖက်ရှင်အပြောင်းအလဲ အစမှာ ဝေဖန်ခံရမှုနဲ့ စခဲ့ရတဲ့ အောင်ရဲလင်းရဲ့ဖက်ရှင်အမြင် ● အာရှ အမျိုးသမီးများရဲ့မျက်ခုံးမွေးအား ပြင်ဆင်ခြယ်သ နည်း
- ငွေကြယ်ပွင့် အိချောပို မေမေရဲ့ရင်ဖွင့်သံ ● ကိုယ့်နိုင်ငံကို ဆုတွေ အများကြီး ပိုက်ပြီး ပြန်လာနိုင်ခဲ့တဲ့ Mr. Asia 2014 Khar Ra
- ပန်းသုံးပွင့် ဖန်ဆင်းခြင်း (ပိုင်ဖြိုးသု၊ ရွှေသမီး၊ ရတနာဗိုလ်)
- ဒက်ဒီ့လိုအောင်မြင်ချင်ပါတယ်ဆိုတဲ့ ပန်းရောင်ခြယ်နဲ့ သမီးဖြစ်ချင်တာတွေကို ပံ့ပိုးပေးသွားမယ့် ဂရေဟမ် ● မိတ်ကပ် မကြိုက်တဲ့ သီချင်းတွေဆိုတဲ့ ဝေလ ● ပြည်သူ့ဂုဏ်ရည် ဆုရ ခင်နှင်းကြည်သာ
- မဟေသီ ဇာကရီများရဲ့ဖက်ရှင် ● ဂီတလောကထဲ ထိုးဖောက်ဝင်ရောက်လာတဲ့ အမေရိကန် အဆိုတော် ရီတာအော်ရာ
- ကိုရီးယား ငွေကြယ်ပွင့် လီဂျွန်ဆပ်

ထွက်ပြီ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

# နိုင်ငံတကာရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဂိတ်များတွင် ဆက်သွယ်ရေးကွန်ရက်နှင့် နည်းပညာအသုံးချမှုများ အဆင့်မြှင့်တင်ရေးနှင့် အထောက်အကူပြုပစ္စည်းများတပ်ဆင်ရေးတို့အတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့်နယ်စပ်ဒေသ ထိန်းသိမ်း ကာကွယ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် ဩစတြေးလျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့်နယ်စပ်ဒေသ ထိန်းသိမ်းကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Scott Morrison Mp ဦးဆောင်သော နယ်စပ်ဒေသ ထိန်းသိမ်းကာကွယ်ရေးဌာနမှူးများ တက်ရောက်ကြသည်။



ပြည်ထောင်စု ဝန်ကြီးသည် ဩစတြေးလျနိုင်ငံ ကင်ဘာရာ၊ ဆစ်ဒနီ၊ မဲလ်ဘုန်းမြို့တို့၌ နိုင်ငံတကာလေဆိပ်များတွင် Passport နှင့် ခရီးသွား စာရွက်စာတမ်းအတုစစ်ဆေးခြင်းများ၊ တစ်နိုင်ငံလုံး လွှမ်းခြုံထားသော ဆက်သွယ်ရေးကွန်ရက်များ၊ ကုန်းမြေနှင့် ရေပြင်နယ်နိမိတ်တို့အား တပ်မတော်(ရေ)၊ (လေ)၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် ပေါင်းစပ်၍ ကာကွယ်ထိန်းသိမ်းမှုများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုရန် စိစစ်ရွေးချယ်လက်ခံမှုများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာသတင်းမီဒီယာဌာနဖွဲ့စည်းအကောင်အထည်ဖော်မှု၊ သတင်းထောက်လှမ်းရေးနှင့် ဥပဒေများအား ကြည့်ရှုလေ့လာခဲ့သည်။

အစည်းအဝေးတွင်လည်း လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းများနှင့် အထောက်အကူပြုနည်းပညာသုံးပစ္စည်းကိရိယာပံ့ပိုးမှုများ၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများ၊ စာရင်းဇယားမှတ်တမ်း ထိန်းသိမ်းမှုများ၊ လူဦးရေမူဝါဒချမှတ်ခြင်းနည်းစနစ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီး Mr. Scott Morrison MP တို့သည် နိုဝင်ဘာ ၂၈ ရက်တွင် နှစ်နိုင်ငံနယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးစီမံကိန်းနားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ငါးနှစ်စီမံကိန်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စီမံခန့်ခွဲ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတကာရေဆိပ်၊ လေဆိပ်နှင့် နယ်စပ်ဂိတ်များတွင် ဆက်သွယ်ရေးကွန်ရက်နှင့် နည်းပညာအသုံးချမှုများ အဆင့်မြှင့်တင်ရေးနှင့် အထောက်အကူပြုပစ္စည်းများ တပ်ဆင်ရေးတို့အတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# REDD+ ဆိုင်ရာ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းနှင့် RS/GIS သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

REDD+ ဆိုင်ရာ သစ်တောသယံဇာတစာရင်းကောက်ယူခြင်းနှင့် RS/GIS သင်တန်းဖွင့်ပွဲအခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောသုတေသနဌာန(ရေဆင်း)စုဝေးခန်းမ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အမှာစကားပြောကြားရာတွင် ယခုအခါ လူဦးရေတိုးပွားလာသည်နှင့်အမျှ နေ့စဉ်သုံး သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ များပြားလာခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်လာခြင်း၊ မြို့ပြများတိုးချဲ့လာခြင်းနှင့် ဆောက်လုပ်ရေးနှင့် အိမ်သုံးပစ္စည်းအစရှိသည့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ တိုးမြှင့်လာခြင်းကြောင့် အစဉ်လာကောင်းနှင့် နှစ်ပေါင်းရာချီ ထိန်းသိမ်းခဲ့သည့် သစ်တောများသည် အတန်းအစားနိမ့်ကျပြီး တောထွက်လျော့ကျလာသည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေမှ လွတ်မြောက်ရန်အတွက် သစ်တောဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးပါလာကြောင်း၊ သို့သော် ပြည်သူလူထုပါဝင်မှုမရှိဘဲ အောင်မြင်အောင်ဆောင်ရွက်နိုင်မည် မဟုတ်သောကြောင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာစေရန် ဌာနဝန်ထမ်းများက ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုသင်တန်းတွင် သစ်တောဦးစီးဌာနရှိ အတွေ့အကြုံရင့်ကျက်သည့် သင်တန်းနည်းပြများက သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းခြင်း အကြောင်းတရားများ REDD+ လုပ်ငန်းစဉ်များ၊ ဒေသခံပြည်သူများ၏ အခြေခံရပိုင်ခွင့်များအား ကာကွယ်ပေးထားမှုများအစရှိသည့် ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ သင်ကြားသွားကြမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မျက်မှောက်ခေတ် သစ်တောအခန်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နည်းပညာကျွမ်းကျင်စွာလုပ်ဆောင်နိုင်ပြီး နောင်အနာဂတ်အတွက် စွမ်းဆောင်ရည်ပြည့်ဝသည့် အရာရှိကောင်းများ ဖြစ်ထွန်းလာစေရန် ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် ပြောကြားသည်။

သင်တန်းသို့ တောအုပ်ကြီး၊ ဒုဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၂၀ တက်ရောက်ကြပြီး ဒီဇင်ဘာ ၁၂ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(ကြေးမုံ)**

*** နော်ဝေမှ**

"အဘ အသက်(၈၀)ကျော်ပါပြီ။ ကနေ့အထိ နိုင်ငံခြားကလူကြီးဆိုလို့ တစ်ယောက်မှလာတာမတွေ့ဖူးဘူး။ အခုလိုမျိုးလာတာတွေ့ရတော့ အရမ်းဝမ်းသာတယ်ဗျာ။ မထင်မှတ်ဘဲနဲ့ အမှတ်တရလာတာကို ကျေးဇူးတင်ဝမ်းသာပါတယ်။ ကျွန်တော်တို့ ရွာကလူတွေလည်း မြင်ဖူးတွေ့ဖူးသွားတာပေါ့ဗျာ။ အရင်ကတော့ ကြားဖူးနားဝသာရှိခဲ့ပေမယ့် အခုတော့ လက်တွေ့အကောင်အထည်ပေါ်သွားတာပေါ့ဗျာ။ ရွာကလူငယ်တွေလည်း မျက်စိကြီး၊ နားကြီးဖြစ်သွားတာပေါ့ဗျာ" ဟု ရန္တပိုရွာသား ဦးဘချစ်က ပြောပြသည်။

"နော်ဝေဘုရင်လာတာက သူ့နိုင်ငံသားတွေက ကျွန်တော်တို့နိုင်ငံကို လာရောက် လည်ပတ်တဲ့အခါမှာ ကျွန်တော်တို့ ရွာကိုရောက်ကြပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ကြတာရှိပါတယ်။ အဲဒါတွေကို တွေ့မြင်ပြီးတော့ လာတာလို့လည်း ထင်ပါတယ်" ဟု ကျောင်းဆရာ ဦးသိန်းဦးက ၎င်းအမြင်ကိုပြောပြသည်။

ထို့နောက် နော်ဝေဘုရင်နှင့် မိဖုရားတို့သည် ရန္တပိုကျေးရွာအနီးရှိ ပထမအင်္ဂလိပ်-မြန်မာစစ်ရပ်စဲရေး စာချုပ် ချုပ်ဆိုခဲ့သည့် အမှတ်တရကျောက်စာတိုင်အား သဘော်ပေါ်မှ ကြည့်ရှုလေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ရန္တပိုကျေးရွာမှ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

ရန္တပို အမှတ်တရကျောက်စာတိုင်သည် ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြေငြိမ်းစေရန်အတွက် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာနိုင်ငံအထက်ပိုင်း အင်းဝမြို့မှ တောင်ဘက်မိုင် ၄၀ ခန့်အကွာ မြင်းခြံမြို့အထက် ၆ မိုင်အကွာရှိ ရန္တပိုရွာအနီးတွင် အင်္ဂလိပ်-မြန်မာ နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံ၍ သဘောတူညီချက်(၅)ချက် ပါသည့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြသည့် ကျောက်စာတိုင်ဖြစ်သည်။

**(သူရဇော်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဝင်းဟန် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးသောင်းဟန် | ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၃) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၄) ဦးသံဒိုင် | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းဘုရင်မင်းမြတ်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတန်နာဆတ်ခ် ပတိမပရာဂွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ခုနစ်ကြိမ်မြောက် တရုတ်-အမေရိကန် အင်တာနက်လုပ်ငန်းဖိုရမ် ကျင်းပ

**ပေကျင်း ဒီဇင်ဘာ ၄**

ခုနစ်ကြိမ်မြောက် တရုတ်-အမေရိကန်အင်တာနက် လုပ်ငန်းဖိုရမ်ကို ဝါရှင်တန်မြို့တွင် ဒီဇင်ဘာ၂ ရက်က စတင်ကျင်းပရာအစိုးရအရာရှိကြီးများ၊ လုပ်ငန်းကျွမ်းကျင်သူများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

နှစ်နိုင်ငံကြား ဆိုက်ဘာကွန်ရက်နယ်ပယ်ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာမည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ အင်တာနက်ဆိုင်ရာပြဿနာများ ပူးပေါင်းဖြေရှင်းမှုအတွက် တရုတ်-အမေရိကန်ဆက်ဆံရေး၏အလားအလာကို မြှင့်တင်ပေးမည့် အင်တာနက်ဆိုင်ရာ လုပ်ငန်းဖိုရမ်၏ဆောင်ပုဒ်မှာ 'အပြန်အလှန်ဆွေးနွေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း အရှိန်အဟုန်မြှင့်တင်ရေး' ဖြစ်သည်။

အင်တာနက်ဆိုင်ရာပြဿနာများအနက် ၉၀ရာခိုင်နှုန်းကို နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ပြီး ၁၀ရာခိုင်နှုန်းမျှသာ သဘောတူညီမှုမရရှိခဲ့ကြောင်း တရုတ်အမျိုးသားအင်တာနက်သတင်းရုံးမှ ဌာနမှူး မစ္စတာလုဝိုင်က ပြောသည်။

တရုတ်နှင့် အမေရိကန်တို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုများနှင့် အချင်းချင်းစွပ်စွဲမှုများ ပြုလုပ်နေမည့်အစား အချင်းချင်း နားလည်မှုအပြန်အလှန်ရှိစေရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

တရုတ်နိုင်ငံသည် ဝက်ဘ်ဆိုက်ပေါင်း သန်း ၄၀၀ ကျော်၊ အင်တာနက်အသုံးပြုသူ သန်း ၆၀၀ နှင့် ကမ္ဘာ့ထိပ်တန်းအင်တာနက်ကုမ္ပဏီ ၁၀ခုခန့်ရှိသောကြောင့် ကမ္ဘာ့အကြီးဆုံးအင်တာနက်ဈေးကွက်တစ်ခုဖြစ်လာခဲ့သည်။

နှစ်ရက်ကြာကျင်းပခဲ့သော ဖိုရမ်ကို ဝါရှင်တန်အခြေစိုက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် တရုတ်နိုင်ငံ၏ အင်တာနက်အဖွဲ့အစည်းတို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**




ခုနစ်ကြိမ်မြောက် တရုတ်-အမေရိကန်အင်တာနက် လုပ်ငန်းဖိုရမ်ကျင်းပစဉ်။

# ဂျက်စတားလေကြောင်းလိုင်း အမျိုးသမီးလေယာဉ်မှူးချုပ် ခန့်အပ်

**ဆစ်ဒနီ ဒီဇင်ဘာ ၄**

သြစတြေးလျနိုင်ငံမှ လေကြောင်းလိုင်းတစ်ခုတွင် ဂျော်ဂျီနာဆက်တန်အမည်ရှိ လေယာဉ်မှူးတစ်ဦးကို အမျိုးသမီး လေယာဉ်မှူးချုပ်အဖြစ် ပထမဆုံးအကြိမ် ခန့်အပ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သြစတြေးလျ၊ နယူးဇီလန်နှင့် ကမ္ဘာ့နိုင်ငံများသို့ ပျံသန်းနေပြီး လေယာဉ်မှူး ၉၀၀ ရှိသည့် ဂျက်စတားလေကြောင်းလိုင်းက ဆက်တန်အား လေယာဉ်မှူးချုပ်ရာထူးအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဂျက်စတားလေကြောင်းလိုင်းမှ ကမ္ဘာတစ်ဝန်းသို့ ပျံသန်းမောင်းနှင်နေသည့် အမျိုးသမီးလေယာဉ်မှူးများကို ကပ္ပတိန်ဆက်တန်က ဦးဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းဌာနက ပြောကြားသည်။ ဂျက်စတားလေကြောင်းလိုင်းသည် လေယာဉ်ခဈေးချိုချိုဖြင့် ပျံသန်းပေးနေသော လေကြောင်းဌာန ဖြစ်သည်။

ဂျက်စတားလေကြောင်းကို သြစတြေးလျ ကွမ်တပ်စ်လေကြောင်းကုမ္ပဏီက ပိုင်ဆိုင်ပြီး ကပ္ပတိန်ဆက်တန်သည် ဘိုးရင်း-၇၆၇ အမျိုးအစားလေယာဉ်အုပ်စု၏ လေယာဉ်မှူးဟောင်းတစ်ဦးဖြစ်သည်။

၎င်းသည် လေယာဉ်မှူး ၁၈၀ တို့အား တာဝန်ခံရမည်ဖြစ်ကြောင်း ဆစ်ဒနီမောနင်းဟာရဲလ် သတင်းစာက ရေးသားဖော်ပြသည်။

ဂျက်စတား လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်၌ သြစတြေးလျနိုင်ငံတွင် အမျိုးသမီးတစ်ဦးအား လေယာဉ်မှူးချုပ်အဖြစ် ပထမဆုံးအကြိမ် ခန့်အပ်ခြင်းဖြစ်ပြီး ကမ္ဘာတစ်လွှားရှိ အဓိကလေကြောင်းလိုင်းများ၌ အမျိုးသမီး လေယာဉ်မှူးချုပ်အဖြစ် ပထမဆုံးအကြိမ် ခန့်အပ်ခြင်းလည်းဖြစ်ကြောင်း ဖော်ပြသည်။ **ဘီဘီစီ။**



အမျိုးသမီးလေယာဉ်မှူးချုပ်အဖြစ် ပထမဆုံးအကြိမ်ခန့်အပ်ခံရသည့် ဂျော်ဂျီနာဆက်တန်။

# မူးယစ်ဂိုဏ်းများ ကြီးစိုးသည့်နယ်မြေများသို့ ဖက်ဒရယ်တပ်ဖွဲ့များ မက္ကဆီကို စေလွှတ်မည်

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၄**

အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာမှုနှင့် ဒေသခံရဲတပ်ဖွဲ့နှင့် အချင်းချင်း ပင်းထားသည့် မူးယစ်ဂိုဏ်းများကို ထိန်းချုပ်သည့်အနေဖြင့် မြူနီစီပယ်ဒေသ ၃၂ နေရာရှိ ဒေသခံရဲတပ်ဖွဲ့နေရာတွင် ဖက်ဒရယ်တပ်ဖွဲ့များနှင့် အစားထိုးမည်ဖြစ်ကြောင်း ထိပ်တန်းလုံခြုံရေး တာဝန်ရှိသူတစ်ဦး ဖြစ်သူ မက္ကဆီကို အမျိုးသားလုံခြုံရေးကော်မရှင်မှ ညွှန်ကြားရေးမှူး မွန်တီအလက် ဂျန်ဒရိုရူဘီဒိုက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

စစ်တပ်နှင့် ဖက်ဒရယ်ရဲတပ်ဖွဲ့သည်ဂူရာရီယို၊ မီချိုအာကန်ပြည်နယ်များနှင့် မက္ကဆီကိုနိုင်ငံတစ်ဝန်းရှိ မြူနီစီပယ်ဒေသများတွင် လုံခြုံရေးဆိုင်ရာ ထိန်းချုပ်မှုစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း အိုင်ဂူအာလာမြို့တော်၌ အကျင့်ပျက်ခြစားသည့် ရဲများက သင်တန်းသားဆရာများကို ပြန်ပေးဆွဲကာ ဒေသခံမူးယစ်ဂိုဏ်းတစ်ခုထံ လွှဲပြောင်းပေးအပ်ပြီးကတည်းက လုံခြုံရေးတပ်ဖွဲ့များ ပြစ်ဒဏ်မှကင်းလွတ်ခြင်းနှင့် လူမဆန်သောလုပ်ရပ် အဆုံးသတ်ရန် ဆန္ဒပြသူများက ဆန့်ကျင်ဆန္ဒပြသောကြောင့် မက္ကဆီကိုသမ္မတ ပီနာနီတိုအား ဖိအားပေးလျက်ရှိသည်။ နိုင်ငံအနောက်တောင်ပိုင်းရှိ ဂူရာရီယိုပြည်နယ်တွင် စက်တင်ဘာလက ကျောင်းသား ၄၃ ဦး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုနှင့် ကျောင်းဆရာများ ပြန်ပေးဆွဲခံရမှုမှာ ၂၀၀၇ ခုနှစ်ကတည်းက ရာဇဝတ်မှုနှင့်ဆက်စပ်သည့် အကြမ်းဖက်မှုတွင် ပြည်သူတစ်သိန်းနီးပါး သေဆုံးခဲ့သည့် မက္ကဆီကိုနိုင်ငံတွင် ပြန်လည်တည်ငြိမ်ရေး ကတိပြုမှုနှင့်အတူ လွန်ခဲ့သည့်နှစ်နှစ်က အာဏာရရှိလာသည့် ပီနာနီတို ကြုံတွေ့ခဲ့ရသည့် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်သည်။

ပီနာနီတို အာဏာစတင်ရရှိကတည်းက လူသတ်မှုနှုန်းမှာ အနည်းငယ်ကျဆင်းခဲ့သော်လည်း အကျင့်ပျက်ခြစားသည့် ရဲများ၏ မကြာခဏကျူးလွန်သည့် ပြန်ပေးဆွဲခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းကဲ့သို့သော ပြစ်မှုများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

**ရိုက်တာ။**

# ချေချင်းညာမြို့တော် စစ်သွေးကြွများတိုက်ခိုက်၊ ယာဉ်ထိန်းရဲသုံးဦးသေဆုံး

**ဂရော့ဇနီ(ချေချင်းညာ) ဒီဇင်ဘာ ၄**

လက်နက်အပြည့်အစုံကိုင်ဆောင်ထားသည့် စစ်သွေးကြွများသည် ချေချင်းညာမြို့တော် ဂရော့ဇနီ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အချို့ကို ပစ်သတ်ခဲ့ပြီး အထပ်ပေါင်းများစွာရှိ အဆောက်အအုံတစ်ခုနှင့် စာသင်ကျောင်းတစ်ခုတို့ကိုလည်း ဝင်ရောက်စီးနင်းခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ စီးလာသောကားကို တားဆီးရန် ကြိုးစားသည့်အတွက် အသတ်ခံရခြင်းဖြစ်ကြောင်း ချေချင်းညာခေါင်းဆောင်ရပ်ဇမ်ကာ ဒီရော့ဗ်က ပြောသည်။

လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာတွင် ထုတ်ဝေရေးအဆောက်အအုံတစ်ခု မီးလောင်သွားခဲ့သည်။

ဂရော့ဇနီမြို့သည် ကာဒီရော့ဗ်၏ လက်ထက်တွင် လုံခြုံရေးအလေးထားဆောင်ရွက်သဖြင့် မကြာသေးမီနှစ်များမှာအေးချမ်းငြိမ်သက်ခဲ့သည်။

၁၉၉၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခဲ့ပြီးနောက် ချေချင်းညာ၌ အစ္စလာမ္မစ်ခွဲထွက်ရေးသူပုန်များနှင့် ရုရှားတပ်ဖွဲ့တို့ နှစ်နှစ်ကြာ တိုက်ခိုက်ခဲ့ကြသည်။

သမ္မတ ဗလာဒီမာပူတင်က နိုင်ငံတော်သို့ နှစ်ပတ်လည်မိန့်ခွန်းပြောကြားခြင်းမပြုမီ နာရီပိုင်းအလိုတွင် ယခုကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပူတင်သည် ၁၉၉၉ခုနှစ်တွင် ချေချင်းညာစစ်သွေးကြွများနှင့် ဒုတိယအကြိမ်တိုက်ခိုက်ခဲ့သည်။

သတင်းများအရ ယနေ့နံနက်စောစောပိုင်းတွင် စစ်သွေးကြွများသည် ယာဉ်ထိန်းရဲကင်းစခန်းတစ်ခုကို ပစ်ခတ်ခဲ့ရာ အနည်းဆုံးသုံးဦးသေဆုံးခဲ့သည်။ ၎င်းတို့သည် စစ်ဝတ်စုံဝတ်ထားသည်ဟု ဆိုသည်။

ယင်းနောက် 'ပရက်စ်ဟောက်စ်' ဟု လူသိများသော ဒေသဆိုင်ရာ မီဒီယာအဆောက်အအုံတစ်ခုကို တိုက်ခိုက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များက ၎င်းအဆောက်အအုံကို ဝိုင်းထားရာ ၎င်းတို့မှာ အထဲတွင် ပိတ်မိနေခဲ့သည်။

အပြန်အလှန် ပစ်ခတ်ကြရာတွင် စစ်သွေးကြွခုနစ်ဦး သေဆုံးခဲ့သည်ဟု ကာဒီရော့ဗ်က ပြောသည်။ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးလည်း သေဆုံးခဲ့ရကြောင်း ချေချင်းညာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။ **ဘီဘီစီ။**

# စီးပွားရေးအခြေအနေကြောင့် ပူတင်၏ဗျူဟာများ ပြောင်းလဲလာနိုင်ကြောင်း အိုဘားမားပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၄**

ရုရှားနိုင်ငံတွင် စီးပွားရေးအခြေအနေယိမ်းယိုင်လာမှုကြောင့် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ နိုင်ငံရေးနည်းဗျူဟာများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း အမေရိကန်သမ္မတဘာရက်အိုဘားမားက ဒီဇင်ဘာ ၃ ရက်တွင်ပြောကြားသည်။ ပူတင်သည် အိမ်နီးချင်းနိုင်ငံများ၏ ထိတ်လန့်ကြောက်ရွံ့မှုများနှင့် ကျဆင်းနေသော ရုရှားစီးပွားရေးအပေါ် ပြန်လည်သုံးသပ်နိုင်သည့် ရုရှားနိုင်ငံ၏ မူဝါဒနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့ကြောင်း အိုဘားမားက ပြောကြားသည်။

ပူတင်က ရုရှားနိုင်ငံ ကြုံတွေ့နေရသော လက်ရှိအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မည်သည့်အခက်အခဲမဆို ရင်ဆိုင်ရန်အသင့်ရှိကြောင်း ဒီဇင်ဘာ ၄ ရက် က ထုတ်ပြန်သော နိုင်ငံတော် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

**ရိုက်တာ။**

# ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်အဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်မည်

**ဟာဗားနား ဒီဇင်ဘာ ၄**

ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်အဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူကြပြီဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းရေးမှူးများက ယနေ့ပြောကြားသည်။

လွန်ခဲ့သည့်လတွင် အစိုးရကြည်းတပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦးအား သူပုန်များက ပြန်ပေးဆွဲသွားခဲ့ခြင်းကို အကြောင်းပြု၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးရရှိရန် ကြားဝင်ညှိနှိုင်းပေးလျက်ရှိသည့် ကျူးဘားနှင့် နော်ဝေနိုင်ငံတို့မှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ဒီဇင်ဘာ ၁၀ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး ဂူဘင်ဒါရီယို အဲလ်ဇာတီနှင့် အခြားအရာရှိနှစ်ဦးကို နိုဝင်ဘာ ၁၆ရက်တွင် သူပုန်များက ဖမ်းဆီးသည့်အတွက် ကိုလံဘီယာသမ္မတက ဆွေးနွေးပွဲများကို ရပ်ဆိုင်းစေခဲ့ခြင်းဖြစ်သည်။

၎င်းတို့ကို တနင်္ဂနွေနေ့တွင် ပြန်လွှတ်ပေးခဲ့ပြီဖြစ်သည်။

**ဆင်ဟွာ။**



## ပြည်တွင်းရေးရာ

# ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ လက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံ Oil India Ltd.၊ Mercator Petroleum Ltd.၊ Oilmax Energy Pvt. Ltd.နှင့် မြန်မာနိုင်ငံ Oil Star Management Service Co.,Ltd. တို့သည် မုတ္တမကမ်းလွန်လုပ်ကွက် M-4 နှင့် တနင်္သာရီကမ်းလွန်လုပ်ကွက် YEB တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေ ခံစားရေးစာချုပ်များကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ Oil India Ltd. မှ Group General Manager, Mr. P. K. Sharma၊ Oilmax Energy Pvt. Ltd.၊ Mercator Petroleum Ltd. နှင့် Oil Star Management Service Co.,Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် အိန္ဒိယနိုင်ငံ Oil India Ltd. မှ Group General Manager, Mr. P. K. Sharma တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ အိန္ဒိယနိုင်ငံ Oil India Ltd. ၏ Group General Manager, Mr. P. K. Sharma၊ Oilmax Energy Pvt. Ltd.၏ Director, Mr. R. Sattuluri၊ Mercator Petroleum Ltd. မှ Mr. S. Maheshwari နှင့် Oil Star Management Service Co.,Ltd. Managing Director ဦးကျော်လှိုင် တို့က နှစ်ဖက်သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကာ စာချုပ်များကို လဲလှယ်ကြသည်။

မုတ္တမကမ်းလွန်လုပ်ကွက် M-4 နှင့် တနင်္သာရီကမ်းလွန်လုပ်ကွက် YEB တို့ လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ပထမဦးဆုံး လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ခြောက်သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ နှစ်သောင်းရရှိမည်ဖြစ်ပြီး လုပ်ကွက်နှစ်ကွက်အတွက် လေ့လာရေးကာလ တစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၉ သန်း သုံးစွဲမည်ဖြစ်သည်။

စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု/လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA)ကို သက်ဆိုင်ရာလုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီ (IAEA) တို့ ပူးပေါင်း၍ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး (Safe guards) နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ**(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာလကပင် လက်မှတ်ရေးထိုးထားရှိပါကြောင်း၊ ပြီးပြည့်စုံသော နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး သဘောတူစာချုပ်နှင့် နျူကလီးယား ဒြပ်ပစ္စည်းပမာဏ အနည်းငယ်သာပိုင်ဆိုင်သော (သို့မဟုတ်) လုံးဝပိုင်ဆိုင်ခြင်းမရှိသော နိုင်ငံများ ချုပ်ဆိုသည့်စာချုပ် Small Quantity Protocol ကို ၁၉၉၅ ခုနှစ် ဧပြီလတွင် ချုပ်ဆိုထားရှိပါကြောင်း၊ အဏုမြူစွမ်းအင်ဦးစီးဌာနသည် နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များကို တောင်းခံထားပါကြောင်း၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေးဥပဒေ (မူကြမ်း)နှင့် ဆက်စပ်နည်းဥပဒေမူကြမ်းကိုလည်း တစ်ပြိုင်နက် ရေးဆွဲလျက်ရှိပါကြောင်း၊ ထို့အပြင် နျူကလီးယားသုတေသနနှင့် အသုံးချမှုဥပဒေ(မူကြမ်း)ကို လက်ရှိဥပဒေအား အစားထိုးရန် ရေးဆွဲလျက်ရှိပါကြောင်း၊ နျူကလီးယားဒြပ်ပစ္စည်းများ စာရင်းပြုစုရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံ၏စနစ်ဆိုင်ရာကော်မတီတစ်ရပ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ Additional Protocol အာဏာသက်ဝင်ရန်အတွက် နျူကလီးယား ဒြပ်ပစ္စည်းများစာရင်းကို ပြုစုနိုင်ရန် ယခုဆွေးနွေးပွဲသည် လိုအပ်သည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရေးအတွက် အထောက်အကူ ပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ ကျွမ်းကျင်သူ လေးဦး လာရောက်၍ နျူကလီးယားလက်နက်မပြန့်ပွားစေရေး စာချုပ်၏ နောက်ဆက်တွဲစာချုပ်နှင့် တိုးချဲ့ဖြည့်စွက်ထားသည့် နျူကလီးယား ပစ္စည်းပမာဏအနည်းငယ်သာပိုင်ဆိုင်သော(သို့မဟုတ်)လုံးဝပိုင်ဆိုင်ခြင်းမရှိသော နိုင်ငံများနှင့် ချုပ်ဆိုသောစာချုပ်များအား အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအား IAEA ၏ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာကိစ္စရပ်များအား ပိုမိုနားလည်သဘောပေါက်စေရန် ဆွေးနွေးကြမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး သဲကုန်းမြို့နယ်တွင် ဆွေးနွေး

**သဲကုန်း ဒီဇင်ဘာ ၄။** ။ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု ဝက်ပုပ်ကျေးရွာတွင် ပြည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မာလာဆွေ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ညွန့်ရီ၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများသည် ဒီဇင်ဘာ ၂ ရက်က ကျေးရွာရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးသော တောင်သူများနှင့် တွေ့ဆုံ၍ ကျရောက်တတ်သောရောဂါပိုးမွှားများ အန္တရာယ်မှကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ပိုးသတ်ဆေး အန္တရာယ်ကင်းစွာ စနစ်တကျကိုင်တွယ်သုံးစွဲရေးနှင့် ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေတို့ကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်စိုက်ပျိုးရေး)**






# နိုင်ငံ့ဝန်ထမ်းလစာတိုးမြှင့်ပေးရေးနှင့် ဆက်စပ်စဉ်းစားစရာများ

ထူးထက်အောင်
(ဘဏ္ဍာရေး)

နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဆက်စပ်စဉ်းစားရမည့် ကိစ္စအကြောင်းအရာများစွာ ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေအား ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေကျခံသုံးစွဲရခြင်းကြောင့် လစာတိုးမြှင့်မှုအတွက် သုံးစွဲကုန်ကျမည့်ငွေကြေးပမာဏကို နိုင်ငံတော်ကကျခံသုံးစွဲနိုင်ခြင်း ရှိ၊ မရှိ၊ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက်သာမက နှစ်စဉ် စဉ်ဆက်မပြတ်ကျခံသုံးစွဲနိုင်ခြင်း ရှိ၊ မရှိ၊ အသေးစိတ် အပြန်အလှန်ဆက်စပ်တွက်ချက်သုံးသပ်ရန် လိုအပ်ပါသည်။ ထို့အတူ နိုင်ငံ့ဝန်ထမ်းလစာ တိုးမြှင့်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်၊ ယခင်က ဖြစ်ခဲ့ဖူးသည့် ကုန်စည်ဈေးနှုန်းမြင့်တက်ခြင်း၊ ပြည်သူလူထု မဖြစ်မနေသုံးစွဲရသည့် အခြေခံစားကုန်ဈေးနှုန်း မြင့်တက်လာခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခြင်းစသည့် အကြောင်းအရာ၊ အချက်အလက်များကိုလည်း စဉ်းစားတွက်ချက် သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး လစာနှုန်းထားတိုးမြှင့်ပေးသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများမှ ဝန်ထမ်း၊ အလုပ်သမားများ၏ လုပ်ခလစာကိုလည်း တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ပုဂ္ဂလိက ကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကိုလည်း စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းလစာအတွက် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ သာမန်အသုံးစရိတ်အဖြစ်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ်လည်းကောင်း ကျခံသုံးစွဲလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းလစာ တိုးမြှင့်သုံးစွဲမှုကြောင့် ပြောင်းလဲဖြစ်ပေါ်လာမည့် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အနေအထားကိုလည်း သုံးသပ်တွက်ချက်ရမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်၏ လက်ရှိဘဏ္ဍာရေးအခြေအနေ၊ ငွေရေးကြေးရေးအခြေအနေကိုလည်း မှန်ကန်စွာ သုံးသပ်စဉ်းစားရန် လိုအပ်ပါသည်။

**အိမ်ထောင်စုတစ်ခုမှာပင် လစဉ်ရငွေပေါ်မူတည်ပြီး သုံးစွဲနိုင်မည့် အိမ်အသုံးစရိတ်၊ ဆေးဝါးကုသစရိတ်၊ သားသမီးများပညာသင်စရိတ်၊ သာရေးနာရေးအတွက် ကုန်ကျစရိတ်၊ နောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ စုဆောင်းမှုစသည့် အကြောင်းအချက်ပေါင်းများစွာကို စဉ်းစားတွက်ချက်ကြရပါသည်။ ကိုယ့်အတိုင်းအထွာ ကိုယ့်အခြေအနေနှင့်ကိုက်ညီစွာ ချင့်ချိန်တွက်ချက်သုံးစွဲကြရပါသည်။ နိုင်ငံတော်အဆင့်တွင်မူ ဆိုဖွယ်ရာမရှိချေ။ သို့အတွက်ကြောင့်ပင် နှစ်စဉ် အရအသုံးခန့်မှန်းခြေစာရင်းများကို စနစ်တကျရေးဆွဲခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို တာဝန်အသီးသီးခွဲ၍ ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရက တင်သွင်း၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရခြင်းဖြစ်သည်။** ထို့အပြင် မိမိတို့နိုင်ငံသည် စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုတို့ကဲ့သို့ လူဦးရေနည်းပါးသော နိုင်ငံမဟုတ်ချေ။ နိုင်ငံဧရိယာအကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားမျိုးနွယ်စုများ အခြေအနေ၊ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု အနေအထားတို့အရ နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးကို စဉ်းစားရာတွင် လွန်စွာကျယ်ပြန့်များမြောင်စွာ အသေးစိတ်စဉ်းစားတွက်ချက်ကြရပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရအဆက်ဆက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများအား ပြင်ဆင်တိုးမြှင့် ထောက်ပံ့ပေးခဲ့ပါသည်။ အစိုးရဝန်ထမ်းများ၏ လစာ၊ လုပ်ခ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ရှားပါးစရိတ်ခွင့်ပြုပေးခြင်း၊ ထောက်ပံ့ကြေးခွင့်ပြုပေးခြင်းတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၇၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၇၆ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၈၁ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် တစ်ကြိမ် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလ၌ ၁၉၈၉ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၉၃ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဧပြီ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၆ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် တစ်ကြိမ် ဝန်ထမ်းများ၏ လစာနှုန်းထားများ၊ ပင်စင်လစာနှင့်လုပ်ခများ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ သက်တမ်းကာလတွင် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေတိုးမြှင့်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် အပိုထောက်ပံ့ကြေးခွင့်ပြုခြင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်နှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့တို့တွင် လစာနှုန်း ပြင်ဆင်တိုးမြှင့်သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ယင်းသို့ နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ လုပ်ခပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေ တိုးမြှင့်ပေးခြင်းကြောင့် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ပိုမိုတိုးမြှင့် ကျခံသုံးစွဲရပါသည်။ နိုင်ငံ့ဝန်ထမ်းဟုဆိုရာတွင် မြို့ပြဝန်ထမ်းနှင့် ကာကွယ်ရေးဆိုင်ရာ ဝန်ထမ်းများပါဝင်ပါသည်။ မြို့ပြဝန်ထမ်းတွင် အမြဲတမ်းဝန်ထမ်း၊ နေ့စားဝန်ထမ်း၊ ပုံသေလစာစား ဝန်ထမ်းတို့ပါဝင်ပြီး နိုင်ငံတော်က လစဉ် လစာ၊ အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်တို့ကို ခွင့်ပြုထောက်ပံ့ပေးလျက်ရှိပါသည်။**

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းအင်အား ၁ ဒသမ ၄ သန်းခန့်အတွက် လစာ၊ အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်အတွက် စုစုပေါင်း ကျပ် ၂၁၈၃၈၉၃ သန်းခန့်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ (တပ်မတော်သား ကိုယ်စားလှယ်မပါ) ၄၉၆ ဦး အတွက် ချီးမြှင့်ငွေကျပ် ၁၇၈၅ ဒသမ ၆ သန်းခန့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဝင်များ (တပ်မတော်သား ကိုယ်စားလှယ် မပါ) ၄၆၆ ဦးအတွက် ချီးမြှင့်ငွေကျပ် ၁၁၀၁ ဒသမ ၆ သန်းခန့်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ (တပ်မတော်သားအပါအဝင်) ၆၆၂ ဦးအတွက် နေ့တွက်စရိတ်ကျပ် ၁၇၈၇ ဒသမ၄ သန်းခန့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဝင်များ(တပ်မတော်သားအပါအဝင်) ၆၈၇ ဦးအတွက် နေ့တွက်စရိတ်ကျပ် ၄၁၂ ဒသမ ၂ သန်းခန့်၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအတွက် ချီးမြှင့်ငွေကျပ် ၁၁၅၂၆ သန်းခန့်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ( မြို့ပြ/ကာကွယ်ရေး အပါအဝင်) ၈၅၀၀၀၀ ခန့် အတွက် ပင်စင်လစာနှင့် ဆုငွေကျပ် ၄၈၈၂၃၆ သန်းခန့် လျာထားကျခံသုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ရာ ယင်းစာရင်းများအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်နှစ်စာအတွက် နိုင်ငံ့ဝန်ထမ်းများ လစာ၊ အပိုထောက်ပံ့ကြေးနှင့် ဒေသစရိတ်၊ လွှတ်တော်ကိုယ်စားလှယ်များ ချီးမြှင့်ငွေ၊ နေ့တွက်စရိတ်၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ ချီးမြှင့်ငွေနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာနှင့် ဆုငွေတို့အတွက် စုစုပေါင်းကျပ် ၂၆၈၈၇၄၁ ဒသမ ၈ သန်းခန့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ လျာထား၊ ကျခံသုံးစွဲလျက်ရှိပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ နိုင်ငံတော်၏ စုစုပေါင်း အသုံးစရိတ်မှာ ကျပ် ၂၂၁၈၃၁၆၃ ဒသမ ၆၉၆ သန်းဖြစ်ပြီး၊ သာမန်အသုံးစရိတ်မှာ ကျပ် ၁၅၁၄၀၉၁၄ ဒသမ ၄၅၁ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၆၄၆၀၄၄၃ ဒသမ ၂၁၉ သန်းနှင့် ကြွေးမြီအသုံးစရိတ်မှာ ကျပ် ၅၈၁၈၀၆ ဒသမ ၀၂၆ သန်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ လစာ၊ အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်၊ ချီးမြှင့်ငွေ၊ နေ့တွက်စရိတ်၊ ပင်စင်လစာနှင့် ဆုငွေတို့အတွက် သာမန်အသုံးစရိတ်အဖြစ် သုံးစွဲငွေမှာ ကျပ် ၂၆၈၈၇၁၇ ဒသမ ၈ သန်းဖြစ်ရာ အချိုးအစားအားဖြင့် နိုင်ငံတော်စုစုပေါင်း အသုံးစရိတ်၏ ၁၂ ဒသမ ၁၂ ရာခိုင်နှုန်း၊ နိုင်ငံတော် သာမန်အသုံးစရိတ်၏ ၁၇ ဒသမ ၇၆ ရာခိုင်နှုန်းရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရာတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ လက်ရှိကျခံသုံးစွဲမှုထက် ပိုမိုသုံးစွဲရမည်ဖြစ်ပါသည်။ ထို့အပြင် နှစ်စဉ် ပိုမိုတိုးတက်လာမည့် ဝန်ထမ်းအင်အားအတွက်လည်း ဆက်လက်၍ ပိုမိုတိုးမြှင့်သုံးစွဲကြရမည်ဖြစ်ပါသည်။**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ နိုင်ငံတော်၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အချိုးမှာ ၇၀း၃၀ ခန့် ဖြစ်ပါသည်။ နိုင်ငံ၏ GDP နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုကို ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ကျခံသုံးစွဲပါသည်။ သို့ဖြစ်ရာ သာမန်အသုံးစရိတ်ကို ပိုမိုသုံးစွဲပြီး ငွေလုံးငွေရင်း အသုံးစရိတ်ကို လျှော့ချသုံးစွဲပါက နိုင်ငံ၏ GDP နှင့် စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းသွားနိုင်ပါသည်။ နိုင်ငံတော်၏ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ထိခိုက်နိုင်ပါသည်။ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများကိုလည်း ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ရာ လစာတိုးမြှင့်မှုအပါအဝင် သာမန်အသုံးစရိတ်သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းအသုံးစရိတ် သုံးစွဲမှုကို သင့်တင့်မျှတအောင် ချိန်ညှိဆောင်ရွက်ရန် လိုအပ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းလစာနှုန်းထားများ ပြင်ဆင်တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အခါတိုင်းတွင် အခြေခံစားကုန်များ အပါအဝင် ကုန်စည်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ပေးကားပေး၏မရဟူသော အဖြစ်မျိုးကြုံတွေ့ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများသာမက ပြည်သူလူထုအားလုံး ထိခိုက်ပတ်သက်ခံစားရမှု ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းတို့သည် ပုံမှန်ဝင်ငွေရရှိနေသူများဖြစ်ပြီး ဘဝနောင်ရေးအတွက် အငြိမ်းစားလစာကိုလည်း အားထားရာတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများသည်လည်း အငြိမ်းစားလစာမရသည်မှလွဲ၍ ပုံမှန်လစာဝင်ငွေ ရရှိသူများပင် ဖြစ်ပါသည်။ သို့ရာတွင် ဝန်ထမ်းမဟုတ်သော လယ်သမား၊ အလုပ်သမား၊ ဈေးရောင်း၊ လက်လုပ်လက်စားစသည့် အခြေခံလူတန်းစားအမျိုးမျိုးမှာ နေ့စဉ်ရှာဖွေလုပ်ကိုင်နိုင်မှုအပေါ်မူတည်၍သာ ဝင်ငွေရရှိပြီး ခြိုးခြံချွေတာသုံးစွဲရသည့်အတွက် ကုန်စည်နှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကိစ္စမှာ လွန်စွာခန့်မှန်းရ ခက်ခဲလှပေသည်။ ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်အခြေခံ၍ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ကုန်ဈေးနှုန်းကျဆင်းခြင်းဖြစ်ပေါ်ပါသည်။ ဝယ်လိုအားနှင့် ရောင်းလိုအားတို့၏ အားပြိုင်မှုပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ တမင်ရည်ရွယ်ချက်ဖြင့် ဈေးကစားမှုကြောင့် ဈေးနှုန်းကြီးမြင့်မှု မဖြစ်စေရေးအတွက် ယခင်အတွေ့အကြုံများ၊ လက်ရှိခေတ်၊ စနစ်၊ အခြေခံအနေနှင့်ကိုက်ညီသော ထိန်းညှိနိုင်မှုနည်းလမ်းများကို စဉ်းစားသုံးသပ် စီမံဆောင်ရွက်ကြရန်လိုအပ်ပါသည်။**

လက်ရှိစာရင်းများအရ နိုင်ငံတော်တွင်လုပ်သားဦးရေ ၂၂ ဒသမ ၅၇ သန်းရှိရာ နိုင်ငံပိုင်ကဏ္ဍတွင် အစိုးရလစာရရှိသူ လုပ်သားဦးရေ ၁ ဒသမ ၄ သန်းရှိပြီး ကျန် ၂၁ ဒသမ ၁၇ သန်းမှာ ပုဂ္ဂလိကနှင့် အခြားကဏ္ဍတို့တွင်ရှိသည့် လုပ်သားဦးရေများ ဖြစ်ကြပါသည်။ အချိုးအစားအရ နိုင်ငံပိုင်ကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၆ ရာခိုင်နှုန်းဖြစ်ပြီး၊ ပုဂ္ဂလိကနှင့် အခြားကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၉၄ ရာခိုင်နှုန်းဖြစ်ခြင်းကြောင့်၊ နိုင်ငံပိုင်ကဏ္ဍရှိ လုပ်သားများ လစာနှုန်းထားပြောင်းလဲမှုကို စဉ်းစားရာတွင် ပုဂ္ဂလိကနှင့် အခြားကဏ္ဍများရှိ လုပ်သားများအတွက် အကျိုးသက်ရောက်နိုင်မှုကိုပါ ဆက်စပ်ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။

နိုင်ငံပိုင်ကဏ္ဍရှိ လုပ်သားများအတွက် နိုင်ငံတော်က လစာကျခံပေးခြင်းဖြစ်ပြီး ပုဂ္ဂလိကနှင့်အခြားကဏ္ဍရှိ လုပ်သားများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာတို့က ကျခံပေးနေခြင်းဖြစ်ပါသည်။ ရာနှုန်းအချိုးအစားကြီးမားသော ပုဂ္ဂလိကနှင့် အခြားကဏ္ဍများရှိ လုပ်သားများအတွက် လစာနှင့်လုပ်ခများကို လုပ်ငန်းရှင်များက လိုက်လျောညီစွာ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိကိုလည်း စဉ်းစားသုံးသပ်ရမည်ဖြစ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးအတွက် အများနည်းတူ လုပ်ခလစာတိုးမြှင့်ပေးနိုင်ခြင်း မရှိပါက လုပ်ငန်းလည်ပတ်မှုကို ထိခိုက်နိုင်သကဲ့သို့ လုပ်ခလစာများစွာ တိုးမြှင့်ပေးရပါက ထုတ်လုပ်မှုစရိတ်မြင့်မားလာသဖြင့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ ထုတ်ကုန်များ ဈေးနှုန်းတက်ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းလာခြင်း စသည်တို့ကို ခံစားရမည်မှာ သေချာလှပေသည်။ သို့ဖြစ်ရာ နှစ်ဖက်ချိန်ခွင်လျှာ အပြောင်းအလဲကြောင့် အကျိုးသက်ရောက်မှု၊ ဆက်စပ်ဖြစ်ပေါ်မှု အကျိုးဆက်များကို ချင့်ချိန်တွက်ဆရန် လိုအပ်ပါသည်။

နိုင်ငံတော်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေစာရင်းကိုလေ့လာပါက ရငွေထက် သုံးငွေများခြင်းကြောင့် နှစ်စဉ်လိုငွေပြဘတ်ဂျက်အနေအထားကို တွေ့မြင်ကြရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံအများအပြားသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် လိုငွေပြဘတ်ဂျက်အနေအထားများဖြင့် ဆောင်ရွက်နေကြရပါသည်။ လိုငွေပြအနေအထား ကြုံတွေ့ရတိုင်း စိုးရိမ်ဖွယ်ရာအနေအထားမဟုတ်ပါ။ သတိထားပြီး ချင့်ချိန်ဆောင်ရွက်ရန်သာ လိုအပ်ပါသည်။ နိုင်ငံ၏ အသုံးစရိတ်များသည် သင့်လျော်မှန်ကန်ရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်တွက်ချက်သုံးစွဲမှုဖြစ်ရန် လိုအပ်ပါသည်။ သုံးသင့်သည်ကိုသုံးခြင်း၊ စိစစ်သင့်သည်ကိုစိစစ်ခြင်း လုပ်ဆောင်ရန် လိုအပ်ပါသည်။

**လက်ရှိနိုင်ငံတော်၏ အခြေအနေသည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးစာရင်းဝင် နိုင်ငံအဆင့်၌သာ ရှိနေပါသေးသည်။ ဆင်းရဲနွမ်းပါးမှု ရာနှုန်း ၂၆ ရာခိုင်နှုန်းမှ လျှော့ကျအောင် ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ၆၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသနေပြည်သူများ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ကျရေးသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးရည်မှန်းချက်များ ဖြစ်ပါသည်။** စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးမှာ အထူးအရေးကြီးလှပါသည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးမှုစနစ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိပြီး တောင်သူလယ်သမားများ လူနေမှုဘဝမြင့်တင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ စိုက်ပျိုးစရိတ်အတွက် လယ်သမားများကို အတိုးနှုန်းသက်သာသော ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ရေးကိုလည်း နှစ်စဉ် ကြိုးပမ်းဆောင်ရွက်ပေးနေရပါသည်။ ထို့အတူ အလုပ်လက်မဲ့နှုန်း ကျဆင်းရေးအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးမှာလည်း အရေးကြီးလှပါသည်။ ၎င်းအတွက် အသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလေးထားဆောင်ရွက်နေဆဲ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

**အထက်ပါ အခြေအနေ အရပ်ရပ်အပါအဝင် နိုင်ငံတော်၏ မေခရိုစီးပွားရေး အခြေအနေကောင်းမွန်ပြီး ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ကြရပါမည်။ တစ်ဖက်က ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားမှုကိုထိန်းချုပ်နိုင်ရပါမည်။ နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု စီမံကိန်းများအတွက် နှစ်စဉ် တိုးတက်ရင်းနှီးမြှုပ်နှံရပါမည်။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းလစာ တိုးမြှင့်ပေးနိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူလူထုအကျိုးစီးပွားရေးရှုဆောင်ရွက်ပေးနိုင်ရေးတို့ကို ချင့်ချိန်သုံးသပ်၍ ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထား တိုးမြှင့်ရေးကို စဉ်းစားမှုနှင့်အတူ ဝန်ထမ်းများနှင့် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေးဆိုင်ရာ သုံးစွဲကုန်ကျနေမှုကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများအား နိုင်ငံတော်ကကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။**

နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ပေးရေး၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာတိုးမြှင့်ပေးရေး၊ အနိမ့်ဆုံးလုပ်ခ လစာသတ်မှတ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များအားတိုးမြှင့်ပြင်ဆင်သတ်မှတ်ရေးစသည်တို့သည် ရေတိုကာလအတွက်သာ ကြည့်၍မရဘဲ ရေရှည်အတွက်စဉ်းစား၍ အဘက်ဘက်မှ စဉ်းစားသုံးသပ်ကာ ဆောင်ရွက်သင့်ပါသည်။ **လက်ရှိပေးနေရသော အနေအထားအရ ပြင်ဆင်သတ်မှတ်ပေးသင့်သည့် သို့မဟုတ် တိုးမြှင့်ပေးသင့်သည့် အတိုင်းအတာ၊ ယင်းသို့ တိုးမြှင့်ပေးနိုင်ရန် ရေရှည်အတွက် ဆက်လက်ဆောင်ရွက်မည့်အစီအမံ စသည်တို့ကို ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်၏ ရငွေနှင့် သုံးငွေတို့ အပေါ်မူတည်၍ တွက်ချက်တင်ပြခြင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က နိုင်ငံ၏ မေခရိုစီးပွားရေးအလားအလာ၊ စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေ၊ စီးပွားရေးနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ၊ ငွေဖောင်းပွမှုနှုန်းစသည့် အချက်အလက်များကို ခန့်မှန်းပေးခြင်း၊ ဘက်စုံထောင့်စုံ ဝိုင်းဝန်းဆွေးနွေး စဉ်းစားသုံးသပ်၍ လုပ်ဆောင်သင့်သည့် နည်းလမ်းရှာဖွေဖော်ထုတ်ခြင်း၊ ရရှိသည့် နည်းလမ်းပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်သင့်သည့် ပကတိအခြေအနေတို့ ထပ်တူကျပြီး အားလုံးအဆင်ပြေသော လူသာခုခေါ်၊ နတ်သာခုခေါ် အခြေအနေမျိုးကို ရောက်ရှိနိုင်မည် ဖြစ်ပါသည်။** ။

ပြည်တွင်းရေးရာ

# တက္ကသိုလ်/ဒီဂရီကောလိပ်များသို့ ပထမနှစ်သင်တန်း ခြေလှမ်းသစ်များ စတင်လျှောက်လှမ်း

**ရန်ကုန် ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ၄ ရက်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ သက်ဆိုင်ရာတက္ကသိုလ်/ဒီဂရီကောလိပ်များသို့ ပထမနှစ်သင်တန်း ခြေလှမ်းသစ်များ စတင်လျှောက်လှမ်းသည့်နေ့တစ်နေ့ဖြစ်သည်။



တက္ကသိုလ်/ဒီဂရီကောလိပ်များ စတင် ဖွင့်လှစ်သည့်နေ့တွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိခဲ့သည်။ ယခုနှစ် စာသင်နှစ်အတွက် မူလက ခေါ်ယူနှုန်းထားဦးရေထက် ကျောင်းသား ကျောင်းသူ ပိုမိုခေါ်ယူသော အကြောင်းအရာနှင့် ပတ်သက်၍ အဆိုပါကျောင်းအုပ်ကြီး ဒေါက်တာတင်တင်ထွေးအား မြန်မာ့သတင်းစဉ်အဖွဲ့က မေးမြန်းခဲ့သည်။

"ကျောင်းသား ကျောင်းသူအများကြီး ခေါ်ယူရခြင်းက BBM (Bachelor of Business Management)၊ Tourism(Bachelor of Arts-Tourism)၊ EPP(Bachelor of Arts-English for Professional Purposes)၊ Journalism(Bachelor of Arts -Journalism) တို့ကို သင်ပေးတဲ့ ကျောင်းဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းရှင်များ မွေးထုတ်ပေးနိုင်သလို ကျောင်းပြီးရင်လည်း အလုပ်အကိုင်ရဖို့လွယ်တယ်။ တချို့ဘာသာရပ်တွေဆိုရင် ပြည်ပနိုင်ငံနဲ့လည်း တိုက်ရိုက်ချိတ်ဆက်သွားတက်နိုင်တဲ့အတွက် ဒီကျောင်းကို တက်ချင်တဲ့ ကျောင်းသားတွေ များတယ်။ ဒါကြောင့် ကလေးတွေရဲ့ ဆန္ဒကိုဖြည့်ဆည်းတဲ့အနေနဲ့ ဒီနှစ်တိုးခေါ်ရခြင်းဖြစ်ပါတယ်။ ကျောင်းသားဦးရေပိုခေါ်ပေမယ့် စာသင်ခန်းအရေအတွက်က လုံလောက်မှုရှိပါတယ်။ Facility ဖြည့်ဆည်းမှုအားလုံး လုံလောက်ပါတယ်။ ဆရာ ဆရာမတွေကိုလည်း ရအောင်ခေါ်ဖို့ စီစဉ်ထားပါတယ်"ဟု ကျောင်းအုပ်ကြီးက ပြောပြသည်။

"ကျွန်မတို့က စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ် ပထမနှစ်ကပါ၊ ဒီဘာသာက အလုပ်ရတာလည်း လွယ်တဲ့အတွက်ကြောင့် ဒီဘာသာကို တက်ရောက်တာဖြစ်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီးမှ ကျောင်းသူတစ်ဦးက ပြောကြားသည်။

အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဘာသာရပ်အလိုက် အနိမ့်ဆုံးရမှတ် ၄၇၄ မှတ်ဖြင့် BBM တွင် ၃၀၆ ဦး ဝင်ခွင့်ရရှိသည်။ EPP တွင် ၄၆၉ မှတ်ဖြင့် ၁၁၅ဦး၊ Tourism တွင် ၄၂၃မှတ်ဖြင့် ၃၉၄ ဦး၊ Journalism တွင် အမှတ် ၄၀၀ ဖြင့် ၁၀၁ ဦး ဝင်ခွင့်ရရှိခဲ့သည်။ ယနေ့အထိ ကျောင်းလာရောက်မှတ်ပုံတင်သူဦးရေမှာ စုစုပေါင်း ၄၇၂ ဦးရှိကြောင်း၊ ကျောင်းဝင်ခွင့်အပ်နှံခြင်းကို ဒီဇင်ဘာ ၁၆ ရက် နောက်ဆုံးထား အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ချိုဝင်း)**

# နိုင်ငံပိုင်ဂြိုဟ်တုအသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အစီအစဉ်ဖြင့် စင်ကာပူနိုင်ငံအခြေစိုက် SAT CONSULT Co.,Ltd. မှ စီစဉ်ကျင်းပသော နိုင်ငံပိုင်ဂြိုဟ်တု အသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ PARK ROYAL HOTEL ၌ ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ SAT CONSULT Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်းတွင် ဆက်သွယ်ရေးကွန်ရက်များ ကျယ်ပြန့်စွာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရန် နိုင်ငံပိုင်ဂြိုဟ်တုအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့အသုံးပြုသည့် ဂြိုဟ်တုဆက်သွယ်ရေးနှင့်သက်ဆိုင်သော အချက်အလက်များ၊ လိုအပ်ချက်များအား ဆွေးနွေးတင်ပြပေးကြရန်၊ သို့မှသာ ဝန်ကြီးဌာနများ၏လိုအပ်ချက်များနှင့် ပြည့်စုံသောဂြိုဟ်တု DESIGN ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် SAT CONSULT Co.,Ltd. မှ Vice President, Marketing & Business Development မှ Mr. Laurent VALIGNON က နိုင်ငံပိုင်ဂြိုဟ်တုအသုံးပြုနိုင်ရေးအတွက် လိုအပ်သော နည်းပညာများ၊ လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## ❀ အမှတ်တရမှ

အရောင်းဆိုင်ခန်းမအတွင်း စတင်ရောက်ရှိသည်နှင့် စိတ်နှလုံးအေးချမ်းသွားခဲ့သည်။ အရောင်းဆိုင်ခန်းတွေက ကျယ်ဝန်းကာ နိုင်ငံခြားသားခရီးသွားများအကြိုက် မြန်မာ့လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ပန်းချီ၊ ပန်းပုမျိုးစုံ အရောင်းဆိုင်ခန်းများ၊ ယွန်းထည်အမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံအမျိုးမျိုး အရောင်းဆိုင်များ၊ ထူးခြားသည့် အမှတ်တရအရောင်းဆိုင်မှာ ကျောက်ဖြစ်ရုပ်ကြွင်းများ စုစည်းပြသထားသည့်ဆိုင်ဖြစ်သည်။ ယင်းဆိုင်တွင် နှစ်ပေါင်းနှစ်သန်းခန့်ရှိခဲ့သည့် အင်ကြင်းကျောက်ရုပ်တုတို့ ရောင်းချနေသည်ကို တွေ့ရ၍ သူငယ်ချင်းက "ဟာ ဒီနေရာမှာ ဒီဆိုင်တွေရှိမှန်းတော့ သိတယ်။ မရောက်ဖူးတော့ ဘာပစ္စည်းတွေ ရောင်းမှန်းမသိဘူး။ ခုမှမြင်တွေ့ရတော့ အရင်တုန်းက ဒီကိုမရောက်ဖြစ်တာ ငါ့ခေတ်နောက်ကျသွားတယ်။ နောက်ဆို ပြည်ပခရီးသွားမယ့်သူတွေကို လမ်းညွှန်လိုက်ဦးမယ်" ဟု ပြောရာ "မင်းကလည်း လူတွေတော်တော်များများ သိနေပါပြီ။ တစ်နေရာတည်းမှာ ကိုယ်ကြိုက်တဲ့ပစ္စည်းရှာဖွေပြီး ဝယ်နိုင်တဲ့ဒီအရောင်းဆိုင်တွေရဲ့အကြောင်းတွေ သိနေကြပါပြီ။ ဒါပေမယ့် လူတွေက ဗိုလ်ချုပ်ဈေးကို အမြဲအားကိုးလာတော့ ဒီနေရာလေးက ကပ်ကျော်ဖြစ်သွားတာပေါ့။ နောင်ဆို ဈေးကွက်ဒီထက်ကောင်းလာတော့မှာပါ" ဟု ပြန်ပြောလိုက်သည်။

စကားပြောရင်း လှေ့လာရင်းနှင့် ကိုယ်လိုသည့်လက်ဆောင်ပစ္စည်း အသေးတစ်မျိုး၊ အကြီးတစ်မျိုး ဝယ်မည်စိတ်ကူးပြီး ယွန်းထည်အသေးများမေးကြည့်ရာ ဈေးနှုန်းကလည်း မဆိုးလှ၊ ကိုယ်မှန်းသည့်ဈေးနှင့် ကိုက်ညီသဖြင့် ယွန်းထည်ဘူးသေး ၁၀ ဘူးဝယ်ယူ၍ ပါကင်ထုပ်ခိုင်းထားခဲ့ပြီး ပန်းချီအရောင်းဆိုင်ဘက် ရောက်ရှိ၍ ဆီဆေးပန်းချီလက်ရာများ ကြည့်ရှုရာ လက်ရာသန့်များဖြစ်၍ လှေ့လာရသည်မှာ အချိန်ကုန်မှန်းမသိ၊ ဆိုင်ရှင်က "လေ့လာပါ၊ ဈေးနှုန်းကလည်း သင့်ပါတယ်" ပြောတော့မှ ကျွန်တော်လည်း အားနာပြီး "ကျွန်တော်က ကျောက်စီပန်းချီကားဝယ်မလို့ပါ။ ကြုံလို့ ပန်းချီဝါသနာ ပါတော့ ဝင်လေ့လာတာပါ"ဟု ပြောပြီး ဆက်လျှောက်လာရာ ကျောက်စီပန်းချီပြခန်းသို့ ကြည့်ရှုတော့ ကိုယ်ကြိုက်သည့် ရွှေတိဂုံစေတီတော်ပုံတူ ကျောက်စီပန်းချီကားကို ဝယ်ယူလိုက်သည်။ ကိုယ်ဝယ်ယူရန် လျာထားပစ္စည်းများ ဝယ်ယူပြီးဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းအရောင်းဆိုင်များ၊ အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းအရောင်းဆိုင်များကို လှေ့လာရာတွင် ဆိုင်ရှင်တို့က ရှင်းပြ၍ ဗဟုသုတရရှိကာ ကျေးဇူးတင်စကားပြော၍



အရောင်းဆိုင်တွင် ခင်းကျင်းထားသော အင်ကြင်းကျောက်များကို တွေ့ရစဉ်။

ပြန်ထွက်လာပြီး အခန်းတစ်ခန်းအတွင်း ပန်းပုရုပ်တုများအစီအရီထားသိုထားသည့် အခန်းတွင် လူတစ်ဦးအလုပ်များနေသည်ကို တွေ့ရ၍ မေးမြန်းကြည့်ရာ "အစ်ကို ဒီပန်းပုရုပ်တုတွေက ရောင်းဖို့လား၊ ပြခန်းလုပ်ဖို့လား" မေးတော့ သူက မိတ်ဆက်ပြောလာသည်။ ၎င်းသည် ပြန်ကြားရေးတာဝန်ခံဖြစ်ကြောင်း၊ ယခုပြသထားသည့် ပန်းပုရုပ်တုများသည် ပြိုင်ပွဲဝင်ရုပ်တုများဖြစ်ကြောင်း၊ ဒီဇင်ဘာလထဲမှာ သမဝါယမဗဟိုဌာနက ကြီးမှူးပြီး သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များ အရောင်းမြှင့်တင်ရေးကို ရည်ရွယ်ချက်လေးရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့ရသည့် ရုပ်တုများကို ပန်းပုပညာရှင် ၁၅၀ ကျော်တို့က ကိုယ်တိုင်ထုလုပ်ပြီး ယခုနှစ် ပဥ္စမအကြိမ် သစ်သားပန်းပုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ထားသည့် ပန်းပုရုပ်တုများဖြစ်ကြောင်း၊ ပြိုင်ပွဲမှာ နှစ်မျိုးရှိကြောင်း၊ စိတ်ကြိုက်နှင့် မော်ဒန်ဟူ၍ သတ်မှတ်ပေးထားပြီး ယင်းနှစ်မျိုးလုံးတွင် ပထမ ကျပ်သိန်း ၂၀၊ ဒုတိယ ၁၅ သိန်း၊ တတိယ ၁၀ သိန်း သတ်မှတ်ထားပြီး စိတ်ကြိုက်ကဏ္ဍတွင် အထူးဆု ရှစ်ဆု ချီးမြှင့်၍ မော်ဒန်ကဏ္ဍတွင် အထူးဆု ငါးဆု ချီးမြှင့်မည်ဖြစ်ကြောင်း၊ သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များ အရောင်းမြှင့်တင်ရေးအခမ်းအနားကျင်းပမည့်ရက်မှာ ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိဖြစ်ပြီး ပန်းချီ၊ ပန်းပုပြိုင်ပွဲ၊ ဆုပေးပွဲကို ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်းပြသဖြင့် ကျွန်တော်တို့သည် ပြိုင်ပွဲဝင်ပန်းပုများကို ထပ်မံလေ့လာခွင့်ရ၍ ကြည့်ရှုပြီး ယင်းအရောင်းဆိုင်ခန်းမမှ ဝယ်ယူထားသည့် ပစ္စည်းများကို သယ်ယူကာ အောက်ထပ်သို့ ဆင်းလာပြီး အငှားကားစီး၍ တောင်ဥက္ကလာသို့ ပြန်လာခဲ့သည်။

ကားပေါ်တွင် စဉ်းစားမိသည်မှာ ဤသမဝါယမစီးပွားရေးအဆောက်အအုံကြီးသည် သွားရေးလာရေးလွယ်ကူသည့်နေရာတွင် တည်ရှိပြီး ကားရပ်ရန် ကားပါကင်ပါရှိသဖြင့် နိုင်ငံခြားသားများ၊ ပြည်တွင်းမှ မြန်မာ့အနုပညာလက်ရာကို မြတ်နိုးသည့်သူများအဖို့ အဆောက်အအုံ ပထမထပ်ရှိ အရောင်းဆိုင်များသို့ တစ်ခေါက် သွားရောက်မိသည်နှင့် နောင်အခါခါ သွားရောက်လိုသည့်စိတ်မှာ ကိုယ်တိုင် လည်းဖြစ်ပေါ်သလို လူတိုင်းလည်း ဖြစ်ပေါ်လာမိမှာ မလွဲပါကြောင်း။ ။




# အိုင်အယ်လ်အို၏ လုပ်ငန်းအစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်း အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

အိုင်အယ်လ်အို၏ လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော် Mount Pleasant Hotel ၌ ယနေ့ ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအပေါ် တားမြစ်ချက်များ ရုပ်သိမ်းခဲ့ပြီးချိန်မှစပြီး အိုင်အယ်လ်အိုအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပေါ် နည်းပညာအကူအညီများနှင့် အခြားအကူအညီများ ပံ့ပိုးပေးခဲ့ကြောင်း၊ အိုင်အယ်လ်အို၏ Decent Work Agenda အရ မြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ လုပ်ခဝင်ငွေတိုးတက်ရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုသည့်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအပါအဝင် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အထောက်အကူပြုခဲ့ကြောင်း၊ အိုင်အယ်လ်အိုက ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တစ်ခုတည်းအတွက်မဟုတ်ဘဲ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို များစွာ အထောက်အကူပြုခဲ့ကြောင်း။

ထို့ပြင် အခြေခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အိုင်အယ်လ်အိုပြဋ္ဌာန်းချက် အမှတ် (၂၉)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အိုင်အယ်လ်အိုတို့ပူးပေါင်းပြီး အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်သည့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အိုင်အယ်လ်အို လွတ်လပ်စွာအသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်(၈၇)ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ ယနေ့အချိန်အထိ အလုပ်သမား အဖွဲ့အစည်းပေါင်း ၁၄၃၁ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်းပေါင်း ၃၀ ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ရှေ့လာမည့် ၁၂ လအတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အဆိုပါတင်ပြချက်များအပေါ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး နိုင်ငံတော်အတွက် သင့်တင့်ကောင်းမွန်သည့်လုပ်ငန်းအစီအစဉ်ပေါ်ပေါက်ရေးအတွက်ပါ ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော နေ့စဉ်ထုတ်သတင်းစာများတွင် သုတနှင့်ရသဆိုင်ရာ စာအုပ်ကြော်ငြာခနှုန်းထားများ ထက်ဝက်လျှော့ချပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့၌ သုတ/ရသ ဆိုင်ရာစာအုပ်များနှင့် ဂျာနယ်/မဂ္ဂဇင်း ကြော်ငြာများကို လူမှုရေးကြော်ငြာနှုန်းထားများနှင့် တစ်ပြေးညီ လက်ခံဖော်ပြပေးခဲ့ရာမှ ယခုအခါ သုတ/ရသ စာပေများကို ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် သုတ/ရသစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍သုတ/ရသ ဆိုင်ရာစာအုပ်များ(ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ)ကို မူလကြော်ငြာနှုန်းထားမှ ထက်ဝက်လျှော့ချပြီး လက်ခံဖော်ပြပေးလျက်ရှိသည်။ **(သတင်းစဉ်)**

## လက်ထောက်ဆရာဝန်စာမေးပွဲ နှုတ်ဖြေစာမေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြေညာချက်အမှတ် (၁/၂၀၁၄) ဖြင့် လက်ထောက်ဆရာဝန် ၃၅ ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန် သုံးဦး ခေါ်ယူခဲ့သည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နည်းဥပဒေ(၁၅)ကို ကျင့်သုံးလျက် ရေးဖြေစာမေးပွဲကျင်းပတော့မည်မဟုတ်ပါ။ နှုတ်ဖြေစာမေးပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်မြို့တွင် ၁၃-၁၂-၂၀၁၄ ရက်မှ ၁၉-၁၂-၂၀၁၄ ရက်ထိ ကျင်းပမည်။

ဖြေဆိုရမည့်အစီအစဉ်အသေးစိတ်နှင့် ယူဆောင်လာရမည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အမှတ်(၅၂၀) အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ်တွင် ဒီဇင်ဘာ ၈ ရက်မှစ၍ ရုံးချိန်အတွင်း (လူကိုယ်တိုင်)လာရောက်ထုတ်ယူနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

## KIA လက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခံထားရသူလူငယ်များ ပြန်လည်လွတ်မြောက်ရေးအတွက် လူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းထံ တိုင်ကြား

**နေပြည်တော် ဒီဇင်ဘာ ၄**

KIA လက်နက်ကိုင်အဖွဲ့သည် တစ်ဖက်တွင် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပါဝင်တက်ရောက်နေသော်လည်း အခြားတစ်ဖက်တွင် အတင်းအဓမ္မလူသစ်စုဆောင်း အင်အားတိုးချဲ့ခြင်းကို လုပ်ဆောင်လျက်ရှိရာ ရိုးသားစွာလုပ်ကိုင်စားသောက်နေသော တိုင်းရင်းသားလူငယ်များအား အတင်းအကျပ် ခြိမ်းခြောက်ချုပ်နှောင်ဖမ်းဆီးပြီး KIA ၏ စခန်းများဖြစ်သည့် တပ်မဟာ (၅)၊ ရင်း(၃)တည်ရှိသော ဆိုင်းအောင်စခန်း၊ မုန်ဆမ်ယန်စခန်း၊ ဝေကြိုင်ဘွမ်စခန်းတို့တွင် ဖွင့်လှစ်ထားသည့် တပ်သားသစ်နှင့် အကြပ်လောင်းသင်တန်း၊ ဗိုလ်လောင်းသင်တန်းများသို့ တက်ရောက်စေလျက်ရှိသည်။

ထိုသင်တန်းများတွင် အစားအသောက် ဝလင်စွာမကျွေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမျိုးရေးခွဲခြားဖိနှိပ်ဆက်ဆံခြင်းများကြောင့် အသက်အန္တရာယ်ကြားမှ ထွက်ပြေးလာသူ အများအပြားရှိနေကြောင်းနှင့် KIA မှ လိုက်လံဖမ်းဆီးလျက်ရှိကြောင်း မကြာမီရက်ပိုင်းအတွင်းက လွတ်မြောက်လာသူ ရခိုင်၊ ရှမ်း၊ ဗမာ၊ ပလောင်လူငယ်တို့၏ ထုတ်ဖော်ပြောကြားချက်များအရ သိရသည်။

ထိုဒေသခံများ၏သား၊ သမီးများ ဖမ်းဆီးခံရပြီး မလွတ်မြောက်သေးသူများ အန္တရာယ်ကင်းရှင်းစွာဖြင့် မိဘများ၏ရင်ခွင်တွင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် လူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများထံသို့ တင်ပြတိုင်ကြားထားကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ဆေးရုံသုံးပစ္စည်းကိရိယာများပြပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ဂျပန်-မြန်မာ ဆေးပညာဆိုင်ရာ မြင့်မားတိုးတက်ရေးနှင့် လူသားအရင်းအမြစ်မြင့်မားတိုးတက်ရေးကို ရှေးရှု၍ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry) နှင့် Medical Excellence Japan (MEJ)အဖွဲ့သည် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း (People Health Foundation)၏ ကူညီမှုဖြင့် "ဆေးရုံသုံးပစ္စည်းကိရိယာများပြပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ"ကို ဒီဇင်ဘာ ၁၅ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲတွင် ဂျပန်နိုင်ငံ ဆေးဘက်ဆိုင်ရာကုမ္ပဏီများက ဆေးပညာရပ်ဆိုင်ရာ ဆေးရုံသုံးပစ္စည်းကိရိယာများပြသခြင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာများ ရှင်းလင်းတင်ပြခြင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆရာဝန်ကြီးများက ကင်ဆာရောဂါနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ အကြောင်းကို ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံမှ ဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာ ကုမ္ပဏီများမှ ဧည့်သည်တော်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် လမ်းမတော် ဆေးတက္ကသိုလ်(၁)သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံနှင့် ဆေးတက္ကသိုလ်(၂)သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ပေါက်၊အမ်းနှင့် ဂွရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ်(DVB-T2)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား (နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်္သာတရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့်ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့် စက်ရုံ ၆၈ ရုံအနက် ပေါက်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၂၇-၁၀-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁-၁၁-၂၀၁၄ ရက်နေ့တွင်ပြီးစီးခဲ့ပြီး ၂-၁၁-၂၀၁၄ ရက်နေ့မှစတင်၍ လွှင့်အား 100W လှိုင်းနှုန်းချန်နယ်(E-27)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက်တွင် သမားတော်၊ ရေပြာ၊ ပျဉ်ချောင်းကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ကူးခါးကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ကျောက္ကာကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ဇီးပြားကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

အမ်းစက်ရုံတွင်DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၈-၁၁-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၂-၁၁-၂၀၁၄ ရက်တွင် ပြီးစီးခဲ့၍ ၁၃-၁၁-၂၀၁၄ ရက်မှ စတင်ပြီး လွှင့်အား 100W၊ လှိုင်းနှုန်းချန်နယ်(E-27)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်အမ်းတောင်၊ စပ်စီကျေးရွာအထိလည်းကောင်း၊ အနောက်ဘက် အမ်းမြောက်၊ ဂယ်လောင်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် အောက်ရွာ၊ လုံးကောက်စခမ်းမော်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် မြန်မာဘုတ်၊ ပုဏ္ဏဝ၊ ချောင်းရွာကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ဂွစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၇-၁၁-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၁-၁၁-၂၀၁၄ရက်တွင် ပြီးစီးခဲ့ပြီး ၂၂-၁၁-၂၀၁၄ ရက်မှ စတင်၍ လွှင့်အား 100W၊လှိုင်းနှုန်း(E-22)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို တောင်ဘက်သင်ပေါင်းတော၊ ရွှေယချိုင်၊ ဒွဲချောင်း၊ မကျေးငူ ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက် လောင်ကျိုးကျေးရွာ၊ အလယ်ချောင်းကျေးရွာ၊ ရဟိုင်းကျေးရွာ၊ ရွှေတွင်းတူးကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

တတိယအဆင့်စက်ရုံ ၆၈ ရုံအနက် ယနေ့အထိ ပေါက်၊ အမ်းနှင့်ဂွစသည့် စက်ရုံသုံးရုံမှ Digital စနစ် (DVB-T2) ဖြင့်ထုတ်လွှင့်လျက်ရှိပြီး ဆက်လက်၍ ပြင်ဦးလွင်စက်ရုံ၌ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

ဥတုရာသီ တောကိုမှီ၏

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ် သံအမတ်ကြီး မစ္စတာ ဝီလီယမ်လေစီဆွင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအကြား ရေရှည်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(ကြေးမုံ)

# မြန်မာ့လက်ဝှေ့ကျော်များနှင့် နိုင်ငံတကာချန်ပီယံများ ယှဉ်ပြိုင်မည့် လက်ဝှေ့စိန်ခေါ်ပွဲ အခမဲ့ ကြည့်ရှုနိုင်

*သတင်း - အောင်ကျော်ဦး ၊ ဓာတ်ပုံ - ဇော်ဇော်မင်း*



ထွန်းထွန်းမင်း (မုဒုံ/မြန်မာ)



ဆိုင်းရပ်စ်(အမေရိကန်)

ရန်ကုန် ဒီဇင်ဘာ ၄

**မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်နှင့်အညီ အကဲဖြတ်အမှတ်ပေးမည့် မြန်မာ့လက်ဝှေ့သမားများနှင့် နိုင်ငံတကာလက်ဝှေ့ချန်ပီယံများ ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး အဲကမ္ဘောဇ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ ကရဝိက်ဉယျာဉ်မျှော်စင်ကွင်း၌ ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။**

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် လေးချီစိန်ခေါ်ပွဲနှင့် ငါးချီစိန်ခေါ်ပွဲများပါဝင်မည်ဖြစ်ပြီး လေးချီစိန်ခေါ်ပွဲများတွင် လွမ်းချိုင်း(မြဝတီ)နှင့် နိုင်ရဲလင်း(ဒို့ရိုးရာ)၊ ရှမ်းလေး(ဝါဆို)နှင့်စောမင်းအောင်(ဒို့ရိုးရာ)၊ ရဲမာန်ဟိန်း(မုဒုံသား)နှင့် သားနဂါး(ဝါဆို)၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရွှေဆုရှင် သန်းဇော်ဌေး (T&T)နှင့် မွန်ပြည်နယ်အောင်လံဆုရှင် ကျော်ဇင်လတ်(ရွှေသောင်ရင်း)တို့က ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ရွှေဆုရှင်ရဲသွေးနီ(တောင်ကလေး)နှင့် ဒေါင်းဖြူလေး (မြဝတီ)၊ မြန်မာ့လက်ဝှေ့ကျော် ကျားပေါက်(မြန်မာ)နှင့် ရယ်ဒယ်(ထိုင်း)၊ ထက်အောင်ဦး(မြန်မာ)နှင့် ဆောင်းထရမ် (ထိုင်း)တို့အပါအဝင် နောက်ဆုံးအထူးစိန်ခေါ်ပွဲအဖြစ် နံပါတ်တစ်မြန်မာပြည်လက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း (မုဒုံ/ မြန်မာ)နှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်မှ အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်(အမေရိကန်)တို့က အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးရလဒ်ပေါ်သည်အထိ ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လက်ဝှေ့ဝါသနာရှင်ပရိသတ်များ အခမဲ့ကြည့်ရှုနိုင်မည့်အပြင် စကိုင်းနက်ရုပ်သံမှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး မြန်မာမီဒီယာဂရုဖ်မှ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

# ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းများအနီးယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရေး ပညာပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းများအနီးတစ်ဝိုက်တွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးရေးအတွက် ဒီဇင်ဘာ ၄ ရက်မှ ၁၆ ရက်အထိ ပညာပေးဟောပြောမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း မထသ(ဗဟို)ဒုတိယဉက္ကဋ္ဌ ဦးလှသောင်းမြင့်က ဒီဇင်ဘာ ၃ ရက်က ကျင်းပသည့် မထသ(ဗဟို)၏ မီဒီယာတွေ့ဆုံပွဲတွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးစေရေးအတွက် အထောက်အကူပြုစေသော ဗဟုသုတများကို ကျောင်းကားပိုင်ရှင်များနှင့် ယာဉ်မောင်းများ၊ ကိုယ်ပိုင်ယာဉ်ဖြင့် ကျောင်းကြို/ပို့ လုပ်နေသော မိဘများ၊ ကျောင်းသားကျောင်းသူများကို ဟောပြောသွားမည်ဖြစ်ပြီး စာသင်ကျောင်းကိုးကျောင်း၌ လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိသည်။

ထိုဆွေးနွေးဟောပြောပွဲ အစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်တွင် အထက(၂)ဒဂုံ၊ ဒီဇင်ဘာ ၅ ရက်တွင် အထက(၁)ဒဂုံ၊ ဒီဇင်ဘာ ၈ ရက်တွင် အထက(၂)ကမာရွတ်၊ ဒီဇင်ဘာ ၉ ရက်တွင် အထက(၂)လသာ၊ ဒီဇင်ဘာ ၁၀ ရက်တွင် အထက သုဝဏ္ဏ၊ ဒီဇင်ဘာ ၁၁ ရက်တွင် အထက(၂)ဗဟန်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အထက(၁)အင်းစိန်၊ ဒီဇင်ဘာ ၁၅ ရက်တွင် အထက(၂)ရန်ကင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် အထက(၄)အလုံ စသည့် ကျောင်းများ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၏ စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းပေါင်း ၂၃၀ ကျော်တွင် ကျောင်းကား ၂၃၄၁ စီး၊ ကိုယ်ပိုင်ယာဉ်ငါးထောင်ကျော်တို့ဖြင့် ကျောင်းကြို/ပို့ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(၆၈၀)**

အတွေးအမြင်

# ခေတ်သုံးခေတ်နှင့် ရန်ကုန်မြို့တော်

"ရန်ကုန်မြို့တော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့ သဟဇာတရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းတို့ကို ပိုင်ဆိုင်ပြီး အာရှတိုက်ရဲ့ နေချင်စဖွယ်၊ လာရောက်လည်ပတ်ချင်စဖွယ် အကောင်းဆုံးမြို့ကြီးများထဲက မြို့တစ်မြို့အဖြစ် ပေါ်ပေါက်လာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါတယ်"ဟူ၍ စီးပွားရေးမြို့တော် ရန်ကုန်နှင့်ပတ်သက်၍ ခေတ်ဟောင်း၊ ခေတ်သစ်သဟဇာတကျစွာ ဖွံ့တည်ထားရှိမှုအပေါ် နိုင်ငံတော်သမ္မတကြီးက ၁-၉-၂၀၁၄ ရက်နေ့ ရေဒီယိုမိန့်ခွန်းတွင် ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

စီးပွားရေးမြို့တော် မဟာရန်ကုန်သည် တစ်နိုင်ငံလုံး၏ လူဦးရေအများဆုံးနေထိုင်လျက်ရှိသော နေရာ အဝန်းအဝိုင်းတစ်ခုဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်အစောပိုင်းကာလက ဒဂုံဟု ခေါ်တွင်ခဲ့ပြီး အလောင်းမင်းတရားကြီးလက်ထက်တွင် ရန်အပေါင်းကုန်စင်သည့် အထိမ်းအမှတ်အဖြစ် ဒဂုံကို ရန်ကုန်ဟု သမုတ်ခဲ့သည်။ ရှေးဟောင်းအမွေအနှစ်ဘုရား၊ စေတီပုထိုးများ၊ ရှေးဟောင်းအခေါ်အဝေါ်များနှင့် အထင်ကရ မဟာရန်ကုန်။

ထိုရန်ကုန်သည် နယ်ချဲ့အင်္ဂလိပ်များလက်ထက်တွင် ရုံးစိုက်ရာမြို့တော်ဖြစ်လာခဲ့သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ ဘုရင်ခံရုံးစိုက်ရာအဆောက်အအုံ၊ ရုံးပြင်ကနားများနှင့် အရှေ့တောင်အာရှတွင် အခမ်းအနားဆုံးဖြစ်ခဲ့သည်။ ကြည့်မြင်တိုင်မှ ပုဇွန်တောင်ကြားရှိ တစ်ချိန်က နွံတောလဟာပြင် ဒီရေတောများနေရာတွင် မြို့ပြကို စနစ်တကျ ခိုင်ခိုင်မာမာတည်ဆောက်ခဲ့သည်။ ဒီရေဝင်ထွက်ရာအရပ်မို့ ရေထုတ်မြေအောက်မြောင်းကြီးများ လက်ယှက်ထိုးဖောက်လုပ်ခဲ့သည်။ ရေစုကန်၊ ရေစစ်ကန်များနှင့်မြို့တော်ကိုဒီရေမလွှမ်းမိုးနိုင်အောင် အင်ဂျင်နီယာအတတ်ပညာနှင့် အဆင့်မြင့်မြင့် တည်ဆောက်ခဲ့ကြသည်။

လီကွမ်ယုတို့ စင်ကာပူမြို့ပြတည်ဆောက်ရာတွင် ရန်ကုန်မြို့တော်၏ မြို့ပြ Plan ကို အတုယူတည်ဆောက်ခဲ့ကြောင်း မှတ်သားဖူးပါသည်။ လက်ရှိရန်ကုန်မြို့တော်သည် မြန်မာမင်းများလက်ထက်ကတည်းက အထင်ကရအဆောက်အအုံများ၊ နယ်ချဲ့မင်းများလက်ထက်က လက်ကျန်ရှေးဟောင်းဗိသုကာ အဆောက်အအုံများ၊ လက်ရှိ ခေတ်သစ်ဗိသုကာလက်ရာများနှင့် ခေတ်သုံးခေတ်နှိုင်းယှဉ်စရာ၊ လေ့လာစရာများဖြင့် ပြည့်စုံတည်ရှိနေသည်။

ထိုအဆောက်အအုံများနှင့် ရန်ကုန်မြို့တော် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်၏ ရှေးဟောင်းဗိသုကာအဆောက်အအုံများ ထိန်းသိမ်းရေးကို အဓိကဆောင်ရွက်နေသည့် ရန်ကုန်မြို့တော်အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ (YHT)တို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ကောင်းမွန်သော စံပြလုပ်ဆောင်မှုတစ်ခုအဖြစ် နိုင်ငံတော်သမ္မတကြီးက ချီးကျူးမိန့်ကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးမိန့်ကြားသွားသကဲ့သို့ ရန်ကုန်မြို့ကြီးသည် အာရှတိုက်၏ နေချင်စဖွယ်၊ လာရောက် လည်ပတ်ချင်စဖွယ် အကောင်းဆုံးမြို့ကြီးများထဲမှ တစ်မြို့အဖြစ် ပေါ်ပေါက်လာစေရေးတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းပေးသွားရန်လိုသလို လတ်တလောလုပ်ဆောင်ရမည့် အချက်အလက်များလည်းရှိနေပါသေးသည်။

ယင်းတို့အနက် တစ်ခုမှာ မိုးတွင်းကာလ ရန်ကုန်မြို့အနှံ့တွင် မိုးရွာပြီဆိုသည်နှင့် ရေဖောင်ဖောင်နှင့် ရေပြည့်ရေလျှံဖြစ်နေဆဲ၊ မြို့ပြ၏ဖွံ့ဖြိုးမှုတွင် အတားအဆီးပမာ အကျည်းတန်နေဆဲပါ။ ဤပြဿနာကို ပညာရှင်များနှင့် စုပေါင်းအဖြေရှာဖြေရှင်းသွားနိုင်ရန် လိုအပ်ပါသည်။

ဆွေးမြည့်ပေါက်ပြဲနေသော လျှပ်စစ်ကြိုးပြဿနာကို ဖြေရှင်းရန် လက်ရှိကြိုးပမ်းဆောင်ရွက်နေမှုများအတွက်လည်း များစွာ ဝမ်းမြောက်မိပါသည်။ ယာဉ်ကြောရှုပ်ထွေးနေသည့် ပြဿနာများကိုလည်း အရေးကြီးပြဿနာတစ်ရပ်အဖြစ် ရှုမြင်ပြီး ဖြေရှင်းနေကြသည့်အတွက် ကျေးဇူးတင်ပါသည်။

ရန်ကုန်မြို့သည် တစ်စတစ်စဖြင့် အာရှတိုက်၏ နေချင်စဖွယ်၊ လာရောက်လေ့လာချင်စဖွယ် မြို့တော်တစ်ခုအသွင် အမြန်ဆုံး ဖြစ်တည်လာမည်ဟု ကြေးမုံက ရှုမြင်မိပါသည်။ **အောင်ကျော်ညို(ဆင်ချဆိပ်)**

# ဘီးလင်း၊ ပြည်နှင့် တောင်ငူရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမအဆင့် ၁၉ ရုံအနက် ပျဉ်းမနား၊ စစ်ကိုင်း၊ လားရှိုး၊ မော်လမြိုင်၊ ပုသိမ်၊ မင်းဘူး၊ ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ စစ်တွေ၊ ကနေဒီ၊ ဘူးသီးတောင်/မောင်တော၊ ပိန္နဲတောင်နှင့် လပ္ပတ္တာစသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၅ ရုံတွင် မြန်မာ့အသံ FM ရေဒီယို တိုးချဲ့တပ်ဆင်မှုများဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ အဆိုပါစက်ရုံမှ မြန်မာ့အသံ FM ရေဒီယို ထုတ်လွှင့်မှုကို စက်ရုံတည်ရှိရာ အကွာအဝေး မိုင်(၃၀) ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ပါကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည်။

ကျန်ရှိသည့် စက်ရုံ လေးရုံဖြစ်သည့် ရန်ကုန်၊ ငွေဆောင်၊ ဟိုင်းကြီးကျွန်းနှင့် အမာစက်ရုံတို့အား တပ်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့သည်။ ငွေဆောင်ရုပ်သံစက်ရုံတွင် ၁၅-၁၀-၂၀၁၄ ရက်မှ စတင်၍ လွှင့်အား 500 W၊ လှိုင်းနှုန်း (89.0 MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ ငွေဆောင်၊ ဆင်မ၊ ချောင်းသာအထိလည်းကောင်း၊ ဟိုင်းကြီးကျွန်းစက်ရုံတွင် ၂၂-၁၀-၂၀၁၄ ရက်မှစတင်၍ လွှင့်အား 500 W၊ လှိုင်းနှုန်း(89.5 MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ ဟိုင်းကြီးကျွန်း၊ မော်တင်၊ ချောင်းဝ၊ ဘရားလှအထိလည်းကောင်း၊ အမာစက်ရုံတွင် ၂၀-၁၁-၂၀၁၄ ရက်မှ စတင်၍ လွှင့်အား 1KW၊ လှိုင်းနှုန်း (89.8MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ ကဒုံကနီ၊ ရေကျော်၊ စက်ဆန်း၊ မရမ်း၊ ဆိပ်မ၊ ရေကျော်ကြီးအထိလည်းကောင်း မြန်မာ့အသံ FM ရေဒီယိုအစီအစဉ်များကို စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ဘီးလင်းရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၁၅-၁၁-၂၀၁၄ ရက်မှစ၍ လွှင့်အား 1KW၊ လှိုင်းနှုန်း (88.3MHz)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ဘီးလင်း၊ သထုံ၊ ကျိုက်ထိုမြို့များမှ လည်းကောင်း၊ ပြည်ရုပ်သံထပ်ဆင့်လွှင့် စက်ရုံမှ ၁၅-၁၁-၂၀၁၄ ရက်မှစတင်၍ လွှင့်အား 2KW၊ လှိုင်းနှုန်း (88.3MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ရွှေတောင်၊ သဲကုန်း၊ နတ်တလင်း၊ ဇီးကုန်းမြို့များမှလည်းကောင်း၊ တောင်ငူရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၁-၁၁-၂၀၁၄ ရက်မှစတင်၍ လွှင့်အား 2KW၊ လှိုင်းနှုန်း(91.0MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ ထန်းတပင်၊ အုတ်တွင်းမြို့များမှလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်နှင့် တောင်ငူ စသည့်စက်ရုံ သုံးရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ဆက်လက်၍ ညောင်လေးပင်စက်ရုံတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တိုင်းမှာ အမျိုးသမီးများရဲ့ စွမ်းပကားကို မြှင့်တင်ကြပါစို့

ကြည်ထွန်း(လူမှုဝန်ထမ်း)




မျက်မှောက်ခေတ် ကမ္ဘာကြီးမှာ အခွင့်အလမ်းသစ်တွေ ပေါ်ပေါက်နေသလို စိန်ခေါ်မှုများစွာနဲ့လည်း ကြုံတွေ့နေရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မြို့ပြတည်ထောင်မှုတွေ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွေဟာ မကြုံစဖူး ထူးထူးကဲကဲဖြစ်ပေါ်တိုးတက်နေပါတယ်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း ကမ္ဘာမြေကို ပိုပြီးသေးငယ်သွားသယောင် ထင်ရပါတယ်။ သဘာဝပတ်ဝန်းကျင်ရဲ့ ခြိမ်းခြောက်မှုဒဏ်ကိုလည်း အလူးအလဲရင်ဆိုင်နေကြရပြီး ကမ္ဘာကြီးတစ်ခုလုံးက ယခင်တုန်းက မရှိဘူးတဲ့ နှုန်းနဲ့ပိုပြီး လျင်မြန်စွာပြောင်းလဲနေပါတယ်။ ဒီလိုအကူးအပြောင်းကာလမှာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်အင်အားရှိတဲ့ အမျိုးသမီးတွေရဲ့ စွမ်းပကားဟာ အလွန်တရာ အရေးပါလှပါတယ်။

ဒီကာလမှာ အမျိုးသမီးတွေရဲ့ မျှော်မှန်းချက်တွေနဲ့အတူ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုတည်ဆောက်နိုင်ဖို့၊ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေဖလှယ်ဖို့၊ အရေးကြီးတဲ့ကိစ္စရပ်တွေနဲ့ ထင်မြင်ယူဆချက်တွေဝေမျှရင်း အပြန်အလှန်ဆွေးနွေးကြပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍတွေကို မြှင့်တင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေအရင်းခံပြီး ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများဖိုရမ် (Global Women's Forum 2014)ကို "Women; A driving force in transitional societies"ဆိုတဲ့ ဦးတည်ချက်နဲ့ နေပြည်တော်မှာ ကျင်းပမယ်လို့ သိရပါတယ်။ မြန်မာအမျိုးသမီးထုအတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခု ရလိုက်တာပဲဖြစ်ပါတယ်။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်တွေထဲမှာ ၂၀၁၅ ခုနှစ်၌ ကျား/မ ကလေးသူငယ်များ မူလတန်းပညာ သင်ကြားမှုပြီးမြောက်ရေး၊ ပညာရေးအဆင့်အတန်းအားလုံးမှာ ကျား/မ ကွာဟချက်ကို ဖယ်ရှားရေး၊ ဂျန်ဒါညီမျှမှုနှင့် အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ လုပ်ဆောင်နိုင်စွမ်းမြှင့်တင်ရေး၊ မိခင်သေနှုန်းကို လေးပုံသုံးပုံအထိ လျှော့ချရေး၊ HIV/AIDS ကူးစက်မှုရပ်တန့်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြစ်ထွန်းရေး စတဲ့ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ရည်မှန်းချက်တွေ အများကြီးပါဝင်တာကို တွေ့ရပါတယ်။ သို့ပေမယ့် ကမ္ဘာ့နိုင်ငံအချို့မှာတော့ လက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ၊ အကောင်အထည်ဖော်နိုင်မှုတွေမှာ အားနည်းနေဆဲပါပဲ။ ဒါကြောင့်လည်း အမျိုးသမီးအခွင့်အရေး တောင်းဆိုမှုတွေဟာ ရပ်တန့်မသွားဘဲ တိုက်ပွဲခေါ်သံတွေ ဆက်တိုက်ထွက်ပေါ်နေတာ ဖြစ်ပါတယ်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးကို ရှေးရှုတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ လူမှုအဆင့်အတန်းနှင့် အမျိုးသမီးရေးရာ လွတ်လပ်ခွင့်တွေဟာ ရိုးရာအစဉ်အလာအရ ရှေးမဆွကပင် ရရှိထားပြီးသားပါ။ ရှိရင်းစွဲဥပဒေတွေကို ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းမှု မပြုနိုင်သေးလို့ အချို့ကဏ္ဍတွေမှာ ချို့ယွင်းအားနည်းမှုတွေတော့ ရှိနိုင်ပါတယ်။ များမကြာခင်မှာ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာတော့မှာပါ။ မရှိတာထက် အသိတာခက်ဆိုသလို ကိုယ့်မှာ ဘယ်လောက်အထိ အခွင့်အရေးတွေရှိတယ်ဆိုတာ မသိရှာသေးတဲ့ အမျိုးသမီးတွေလည်း အများကြီးရှိနေပါသေးတယ်။ မြန်မာ့လူဦးရေရဲ့ ၅၁ ဒသမ ၈ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေပါ။ အမျိုးသမီးထုရဲ့ လေးပုံတစ်ပုံဟာ မျိုးဆက်ပွားနိုင်တဲ့ အသက်အပိုင်းအခြားမှာ ရှိပါတယ်။ ကမ္ဘာကျော်ပုဂ္ဂိုလ် ဝီလျံရောစ်ဝေါလေ့က "မိခင်၏ ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်တဲ့လက်ဖြစ်သည်" (for the hand that rocks the cradle is the hand that rules the world) လို့ ဆိုထားပါတယ်။ ကလေးများကို ထိန်းသိမ်းပြုစုပျိုးထောင်ပေးတဲ့ မိခင်တွေကြောင့် မျိုးဆက်သစ်တွေ ပေါ်ထွန်းလာနိုင်တယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။ သားကောင်းမိခင်တစ်ယောက်ဖြစ်ဖို့ မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်တွေကတော့ စာတတ်မြောက်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုတို့ပဲဖြစ်ပါတယ်။ ဒီအချက်တွေ ပြည့်စုံကုံလုံရေးကတော့ ကာယကံရှင် အမျိုးသမီးတွေသာမက တစ်မျိုးသားလုံးမှာ တာဝန်ရှိပါတယ်။

နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးထုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တက်တက်ကြွကြွဆောင်ရွက်ပေးနိုင်ဖို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"ကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ ဒီကော်မတီက "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)"ရေးဆွဲချမှတ်ပြီး အဓိကဦးစားပေးနယ်ပယ် (၁၂)ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အမျိုးသမီးများရဲ့ အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဖော်ဆောင်နိုင်မှာ မလွဲပါဘူး။

အမျိုးသမီးတွေဟာ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဆိုတဲ့အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ တစ်တပ်တစ်အား ပါဝင်ထမ်းရွက်နေကြသူတွေပါ။ ကရုဏာနှလုံးသားနဲ့ မုဒိတာအပြုံးအလှပိုင်ရှင်များလည်း ဖြစ်ပါတယ်။ မိသားစုစားဝတ်နေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသာမက သဘာဝဘေးအန္တရာယ်ကြုံတွေ့လာရင်လည်း လူသားချင်းစာနာစိတ်အပြည့်နဲ့ ကူညီပံ့ပိုးတတ်ကြသူတွေဖြစ်ပါတယ်။ "ပျော့ရင်ဖယောင်း မာရင်သံချောင်း" ဆိုတဲ့အတိုင်း မြန်မာ့သမိုင်းစဉ်တစ်လျှောက် လှိုင်းကြီးလေထန်ကာလများစွာမှာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး တုံ့ပြန်ရင်ဆိုင်ခဲ့ကြသူတွေပါ။ အားနွဲ့သူတွေ၊ ထိခိုက်လွယ်ကြသူတွေလို့ ပြောဆိုနေကြပေမယ့် သူတို့တွေမှာ ဉာဏ်ပညာပြည့်စုံမှု၊ ခေါင်းဆောင်မှုအရည်အသွေးစွမ်းအားကြီးမှု၊ နူးညံ့သိမ်မွေ့မှု၊ လှပယဉ်ကျေးမှု၊ လိမ္မာပါးနပ်မှု၊ တရားမျှတမှု၊ ဆင်ခြင်တုံတရားရှိမှုစတဲ့ ဝိသေသလက္ခဏာတွေ ကိုယ်စီရှိကြပါတယ်။ ဒါကြောင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှာ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ စွမ်းဆောင်ရည်ကို အတတ်နိုင်ဆုံး မြှင့်တင်ပေးဖို့လိုပါပြီ။

အမျိုးသမီးနဲ့ မိန်းကလေးများအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံခြင်းဟာ မှန်ကန်တဲ့ ဆောင်ရွက်ချက်လို့ နိုင်ငံတကာက လက်ခံထားပါတယ်။ ကမ္ဘာ့လူသားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာလည်း အခရာကျပါတယ်။ အမျိုးသမီးတွေဟာ ပုံမှန်ဝင်ငွေရရင် သူတို့ရဲ့ မိသားစုအတွက် ပြန်ပြီးရင်းနှီးမြှုပ်နှံလေ့ရှိကြပါတယ်။ အမျိုးသမီးတွေရဲ့ဘဝကို တိုးတက်စေခြင်းဟာ မိသားစုတွေရဲ့ဘဝကို တိုးတက်စေသလို စီးပွားရေးဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းရေးနဲ့ တန်းတူညီမျှရရှိမှုတို့ကိုပါ ဆင့်ပွားရရှိစေတာအမှန်ပါ။ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများမြှင့်တင်ပေးခြင်းဟာ အမျိုးသမီးတွေရဲ့ စွမ်းရည်ဖွံ့ဖြိုးမှုကိုဖြစ်စေပြီး အနာဂတ်မျိုးဆက်သစ်များရဲ့ လူမှုဘဝကိုပါ တိုးတက်စေနိုင်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က "အမျိုးသမီးများကို ရင်းနှီးမြှုပ်နှံမှုပြုခြင်းဟာ အမှန်လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်သာမဟုတ် ထူးချွန်ပြောင်မြောက်တဲ့ လုပ်ငန်းတစ်ရပ်လည်းဖြစ်တယ်။ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အသုံးဝင်အကျိုးရှိစေမည့် အများမသိသေးတဲ့ စွမ်းအားတွေ အမျိုးသမီးတွေဆီမှာ ရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်"လို့ ၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ သဝဏ်လွှာမှာ ဖော်ညွှန်းထားပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှာ နေပြည်တော်နဲ့ ဒီဇင်ဘာ ၆ ရက်မှာ ရန်ကုန်မြို့တွင် ကျင်းပမည့် အမျိုးသမီးဖိုရမ် ကျင်းပနိုင်အောင် စေ့ဆော်ပေးတဲ့အဖွဲ့ကတော့ ပြင်သစ်နိုင်ငံမှာ Gender and Development Strategy 2013-2017 ကို ရေးဆွဲအကောင်အထည် ဖော်နေတဲ့ Women Forum အဖွဲ့ပဲ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်ကတည်းက လူမှုရေး၊ စီးပွားရေးဆိုင်ရာ အမျိုးသမီးတွေ့ဆုံပွဲကို ပြင်သစ်နိုင်ငံ ဒိုဗီးလ်မြို့မှာ ကျင်းပပြီး အမျိုးသမီးများရဲ့ အမြင်နဲ့ ပြောရေးဆိုခွင့်တွေကို ဦးစားပေးဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အမျိုးသမီးများ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်တဲ့ နည်းလမ်းများနဲ့ လက်တွေ့ကျကျ ဆွေးနွေးခြင်းဖြင့် စီးပွားရေးနဲ့ လူမှုရေးကွန်ရက်တွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုအခန်းကဏ္ဍမြှင့်တင်ရေးတွေကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလက ပြင်သစ်နိုင်ငံ ဒိုဗီးလ်မြို့မှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာအဆင့် အမျိုးသမီးများတွေ့ဆုံပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ ၎င်းနှင့် ဆက်စပ်ပြီး ပြင်သစ်သံရုံးနဲ့ ပူးပေါင်း၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အမျိုးသမီးများတွေ့ဆုံပွဲကိုလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်မြို့မှာ ကျင်းပခဲ့ပြီးပါပြီ။

ယခုကျင်းပမယ့် အမျိုးသမီးဖိုရမ်ကို အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံတော်တော်များများက အမျိုးသမီး ခေါင်းဆောင်ကိုယ်စားလှယ် စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ဆွေးနွေးကြမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အထွေထွေပြုပြင်ပြောင်းလဲမှုတွေကို အားထုတ်ဆောင်ရွက်ရင်း နိုင်ငံတကာအသိုက်အဝန်းထဲသို့ ချင်းနင်းဝင်ရောက်ဖို့ ကြိုးပမ်းနေတဲ့ အခုလို အခါသမယမှာ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးဖိုရမ်ကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပေးနိုင်ခြင်းဟာ ဝမ်းမြောက်ဂုဏ်ယူစရာကောင်းလှပါတယ်။ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေ များစွာဖြစ်ပေါ်နေတဲ့ ဒီလိုအကူးအပြောင်းကာလမှာ ကမ္ဘာ့နိုင်ငံအသီးသီးက အမျိုးသမီးခေါင်းဆောင်တွေနဲ့ လက်တွဲပြီး တီထွင်ဆန်းသစ်တဲ့ အကြံဉာဏ်တွေ၊ ချဉ်းကပ်မှုတွေနဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရင်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တိုင်းမှာ အမျိုးသမီးများရဲ့ စွမ်းပကားကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် မြှင့်တင်ကြပါစို့။ ။

အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ အသိအမှတ်ပြု လက်မှတ်ရ နည်းပြများကိုယ်တိုင် အခြေခံဘောလုံးပညာနှင့် ကလေးများအတွက် လိုအပ်သည့် ကျန်းမာကြံ့ခိုင်ရေး အတွက် တစ်ဦးချင်း ဂရုတစိုက် သင်ကြားပေးပါမည်။

ယနေ့ ခေတ်မှာ သင့်သားသမီးတွေ ဘက်စုံ ထူးချွန်သူတစ်ဦး ဖြစ်ဖို့လိုပါတယ်။

YANGON UNITED SCHOOL OF FOOTBALL LEVEL 1 COURSE

YUFC 2009
YANGON UNITED SCHOOL of FOOTBALL

Starting Date : 8th December, 2014
Time : 7:00 ~ 8:30 AM
Duration : 1 Month
Every week - Monday, Wednesday, Friday.

Call us : U Thu Ra Swe
PH: 09 42000 30 82
Office Hour: 10:00 AM~ 5:00 PM

ENROLL NOW!!

### ❖ ကျောဖုံးမှ

"တုံးတွေချထားတဲ့ လမ်းကြောင်းထဲမှာ ယာဉ်ကြီးပဲမောင်းရမယ်၊ ယာဉ်ငယ်တွေမမောင်းရဘူးလို့ဆိုထားတာဖြစ်သလို ယာဉ်ကြီးတွေယာဘက်ကပ်မောင်းနှင်ဖို့ဆိုတာက နဂိုကတည်းကရှိနေတဲ့ မော်တော်ယာဉ်ဥပဒေထဲမှာ ရှိနေပြီးသားပါပဲ"ဟု အဆိုပါယာဉ်ထိန်းရဲအရာရှိက ရှင်းပြခဲ့သည်။

ထိုသို့သတ်မှတ်ထားသော ယာဉ်ကြောများအတိုင်းမောင်းနှင်မှုမရှိသည့် ယာဉ်များကို မော်တော်ယာဉ်ဥပဒေအရ ဒဏ်ငွေ ကျပ် ၁၅၀၀ သာ ဒဏ်ရိုက်သည်ဟု ဆိုသော်လည်း ယာဉ်မောင်းလိုင်စင်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ပေးပို့၍ ကျူးလွန်သောပြစ်မှုနှင့်အကြိမ်ရေအလိုက် လိုင်စင်ယာယီပိတ်သိမ်းခြင်းတို့ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိရန်ကုန်မြို့တွင် မီးပွိုင့်ဓရိယာများအနီး ယာဉ်စည်းကမ်းချိုးဖောက်မှုများကို ဟန့်တားနိုင်ရန် ကွန်ကရစ်တုံးများ ချထားလျက်ရှိသလို မြို့လယ်ဓရိယာများတွင်လည်းစနစ်တကျမောင်းနှင်ကြစေဖို့ အနော်ရထာလမ်းတစ်လျှောက် ကွန်ကရစ်တုံးများချကာ ခရီးသည်တင်ယာဉ်များအတွက် လမ်းကြောင်းသတ်မှတ်ပေးထားသည်။ ထိုလမ်းကြောအတွင်းတွင် ယာဉ်ချွတ်ယွင်းပါက နောက်မှပါလာသော ယာဉ်များအတွက် လမ်းပိတ်ဆို့ခြင်းမရှိစေရန် ကရိန်းဖြင့်ချိတ်ဆွဲဖယ်ရှားရန် စီစဉ်ထားကြောင်းသိရသည်။

ထိုသို့မျဉ်းဝါကြောတွင် ကွန်ကရစ်တုံးများချ၍ လမ်းကြောင်းသတ်မှတ်ရာတွင် သွားလာနေသည့် ခရီးသည်တင်ယာဉ်အရေအတွက်များခြင်း၊ လမ်းယာဘက်သို့ချိုးကွေ့မည့်ယာဉ်ငယ်များ ဝင်ရောက်ခြင်းတို့ကြောင့် အဆိုပါယာဉ်ကြောမှာ ယာဉ်အများအပြားဖြင့် အမြဲလိုလိုစီတန်းနေလျက်ရှိသည်။ ထိုစီတန်းပိတ်ဆို့ကာ ကြန့်ကြာမှုများကိုလည်း ဆက်လက်ကြပ်မတ်သွားရန် လိုအပ်ကြောင်း နေ့စဉ်သွားလာနေသောခရီးသည်များက အကြံပြုကြသည်။

**သတင်း-ထက်ခိုင်(စမ်းချောင်း)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

### ✻ အာရှယူ-၂၃မှ

တာ့ခ်မင်နစ္စတန်၊ အုပ်စု(C)၌ ဆော်ဒီ၊ အီရန်၊ နီပေါ၊ ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ အုပ်စု(D)၌ ယူအေအီး၊ ယီမင်၊ တာဂျစ်ကစ္စတန်၊ သီရိလင်္ကာ၊ အုပ်စု (E)၌ ဆီးရီးယား၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (F)၌ သြစတြေးလျ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အုပ်စု (G)၌ မြောက်ကိုရီးယား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အုပ်စု (H)တွင် တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (I)တွင် ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ မကာအို၊ အုပ်စု (J)တွင် တရုတ်၊ လာအို၊ စင်ကာပူနှင့် မွန်ဂိုလီးယားတို့ ပါဝင်ကြသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အဆိုပါပြိုင်ပွဲကို ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄ ပြိုင်ပွဲတွင် ယူ-၂၂ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ကာ ၂၀၁၆ ပြိုင်ပွဲအတွက် ယူ-၂၃ အဖြစ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ပြိုင်ပွဲတွင် မြန်မာအသင်းမှာ နောက်ဆုံးအဆင့်ပြိုင်ပွဲအထိ ယှဉ်ပြိုင်နိုင်ခဲ့ပြီး အိုမန်၊ ဂျော်ဒန်၊ တောင်ကိုရီးယား တို့နှင့်အတူ ကျရောက်ကာ သုံးပွဲစလုံးရှုံးကာ အုပ်စုမှ ထွက်ခဲ့ရသည်။ခြေစစ်ပွဲကို ၂၀၁၂ ခုနှစ် ဇွန်လတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)တို့ကို ကျော်ဖြတ်ကာ တောင်ကိုရီးယားအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ယခုခြေစစ်ပွဲကို အုပ်စု(၁၀)ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရ ငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

၂၀၁၆ အာရှယူ-၂၃ ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲများကိုမူ ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို သက်ဆိုင်ရာအုပ်စုအလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်နေသော အုပ်စု (F) ပွဲစဉ်များကို တရုတ်(တိုင်ပေ)က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

**(ရွှိုင်းထက်ဇော်)**

# ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်သို့ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ လာရောက်ပို့ချ

ရန်ကုန် ဒီဇင်ဘာ ၄

**ရန်ကုန်တက္ကသိုလ်နှင့်ဒဂုံတက္ကသိုလ်သို့ယူကေအခြေစိုက် Allen &Overy Co.,Ltd .မှ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများလာရောက်ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။ Allen &Overy Co.,Ltd. အနေဖြင့် ရန်ကုန်တက္ကသိုလ်နှင့်ဒဂုံတက္ကသိုလ်ဥပဒေပညာဌာနတို့ပူးပေါင်းကာ International Finance and Coporate Course (IFCC) ခေါင်းစဉ်ဖြင့်ဆွေးနွေးပို့ချပေးခဲ့ပြီး ဒီဇင်ဘာ ၂ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၌ ပို့ချခဲ့သည်။ဒဂုံတက္ကသိုလ်တွင် ဒီဇင်ဘာ၄ရက်နှင့် ၅ ရက်တွင် ကျင်းပလျက်ဖြစ်ပြီး ဥပဒေဘွဲ့ရပါရဂူနှင့် မဟာဘွဲ့သင်ယူနေသူများ စုစုပေါင်း၁၀၀ကျော်ဖြင့် ကျင်းပမည်ဖြစ်သည်။**

IFCC ခေါင်းစဉ်ဖြင့်ဆွေးနွေးပို့ချရာတွင် Common Law ၏ အခြေခံမှုများ၊စီးပွားရေးဆိုင်ရာကိစ္စရပ်များ (M&A ဟုခေါ်သော ကုမ္ပဏီများပေါင်းစည်းဝယ်ယူခြင်း၊ JV ဟုခေါ်သော ဖက်စပ်ကုမ္ပဏီစာချုပ်များ) နှင့်ဘဏ်များဆိုင်ရာ ကိစ္စရပ်များ (ကမ္ဘာ့ငွေကြေးဆိုင်ရာ အခေါ်အဝေါ်များ၊ ဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ စီမံချက်နှင့် တန်ဖိုးမြင့်မားသော ပိုင်ဆိုင်မှုများကို ငွေကြေးထောက်ပံ့ခြင်း) တို့ပါဝင်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆွေးနွေးပို့ချမှုများကိုအိန္ဒိယ၊ ရဝမ်ဒါနှင့် ဘရူနိုင်းနိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် စီစဉ်ပို့ချခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ယခုမြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်နှင့်ဒဂုံတက္ကသိုလ်တို့တွင် ပို့ချဆွေးနွေးမှုများကို အောက်စ်ဖို့ဒ် တက္ကသိုလ်မှ သုတေသနပညာရှင်၊ အောက်စ်ဖို့ဒ် မြန်မာဥပဒေစီမံကိန်း၏ ညွှန်ကြားရေးမှူး Andrew McLeod၊ အကျိုးတူ ဦးဆောင်သူ (Partner) Simon Makinson၊အဆင့်မြင့်ရှေ့နေများဖြစ်သည့် Paul Crook၊ Kathryn Thornton and Sarah Wilson နှင့် အင်္ဂလန်နိုင်ငံတွင် ရှေ့နေအဖြစ် အသိအမှတ်ပြုခြင်းခံရသော မြန်မာနိုင်ငံသား Josh Htet တို့က ဦးဆောင်ပို့ချမည်ဖြစ်သည်။

Allen &Overy၏မြန်မာနိုင်ငံရှိ ရုံးသည် အာရှပစိဖိတ်ရှိ ၁၂ ရုံးမြောက်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ Allen & Overy အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင်အခမဲ့ဥပဒေအကြံပေးခြင်းကို ဆက်လက်ကူညီဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့် စည်းကမ်းဥပဒေကြီးကြပ်သည့် ဌာနများ၊ ပြည်တွင်း ဥပဒေပညာရပ်အဖွဲ့ဝင်များ၊ ဥပဒေပညာရပ်သင်ကြားပို့ချသူများနှင့် ဥပဒေကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသိပညာ ပိုမိုတိုးတက်စေသည့်ပညာရေးဆိုင်ရာအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရှေ့နေချုပ်ရုံး၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ပို့ချပေးခဲ့ပြီး လာမည့်ဒီဇင်ဘာ၈ရက်နှင့် ၉ ရက်တို့တွင် စွမ်းအင်ဝန်ကြီးဌာန၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာနှင့်ဖက်စပ်ကုမ္ပဏီစာချုပ်များဆိုင်ရာကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

# မန္တလေးဆိပ်ကမ်းများတွင် Mobile Team အဖွဲ့မှ ကျွန်းသစ်နှင့် သစ်မာများ သိမ်းဆည်းရမိ



**နေပြည်တော် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး Mobile Team ဆိပ်ကမ်းနယ်မြေ အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်း ဦးစီးသည့် Mobile Team အဖွဲ့မှ အင်အား ၁၉ ဦးသည် နိုဝင်ဘာ ၃ ရက်က မရမ်းခြံဆိပ်ကမ်းနယ်မြေ၌ စုပုံထားသည့် ကျွန်းသစ်ခွဲသား အချောင်း ၄၀ (သုည ဒသမ ၉၅၄၂)တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် Mobile Team အဖွဲ့မှ အကောက်အခွန် အမှုတွဲဖွင့်လှစ်၍ သစ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ မန္တလေးဂေါ်ဝိန်ဆိပ် သစ်တောဦးစီးဌာနသို့ အပ်နှံခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး Mobile Team ဆိပ်ကမ်းနယ်မြေမှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းဦးစီးသည့် Mobile Team အဖွဲ့နှင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များမှ ဂေါ်ဝိန်ဆိပ်ခံတံတားတွင် အခြေပြုစစ်ဆေးစဉ် နိုဝင်ဘာ ၁၁ ရက်က ဧရာဝတီမြစ်လယ်မှ မသင်္ကာဖွယ် စက်လှေတစ်စင်းအား တွေ့ရှိ၍ မန္တလေး ရွှေကြက်ယက် ဆိပ်ကမ်းသို့ ဆိုက်ကပ်စေပြီး Mobile Team အဖွဲ့နှင့် တာဝန်ကျစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးရာ ကျွန်းသစ်လုံး လေးလုံး (သုည ဒသမ ၆၆၈တန်)၊ ပျဉ်းကတိုးခွဲသား ဆိုက်စုံ ၂၇၇၆ ချောင်း (၅၁ ဒသမ ၈၉၂၃ တန်)၊ အား သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် နိုဝင်ဘာ ၂၁ ရက်တွင် ဧရာဝတီမြစ်လယ်မှ ဝါးဖောင်တစ်စီးဖြတ်သန်းသွားစဉ် လိုက်လံစစ်ဆေးရာ မသင်္ကာဖွယ်ရာသစ်များ သယ်ဆောင်လာသည်ဟု ယူဆရသဖြင့် ရွှေကြက်ယက်ဆိပ်ကမ်းသို့ ဆိုက်ကပ်စေပြီး Mobile Team အဖွဲ့နှင့် တာဝန်ကျစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးရာ ဝါးဖောင်များအောက်တွင် တရားမဝင်သယ်ဆောင်လာသော ပျဉ်းကတိုးနှင့် အင်ကြင်း သစ်လုံးတိုင် ၅၁ လုံး (၆ ဒသမ ၄၁၇၄ တန်)အား ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မန္တလေးတိုင်းဒေသကြီး မန္တလေးဆိပ်ကမ်းနယ်မြေ Mobile Team အဖွဲ့က နိုဝင်ဘာလအတွင်း ကျွန်းသစ်နှင့် သစ်မာများ ဖမ်းဆီးရမိသည့် အမှုတွဲသုံးမှုမှ ကျွန်းနှင့် သစ်မာ၊ သစ်လုံး၊ ခွဲသား ဆိုက်စုံ ၂၈၁၆ ချောင်း၊ သစ်လုံး ၅၅ လုံး တန်ချိန်ပေါင်း (၅၉ ဒသမ ၉၃၀၆ တန်)အား ဖော်ထုတ်တားဆီးခဲ့ပြီး သိမ်းဆည်းရမိ သစ်၊ သစ်တင်ရေယာဉ်နှင့် ပါရှိပစ္စည်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု စွမ်းရည်မြှင့်တင်ရေးသင်တန်း(၂/၂၀၁၄)ဖွင့်လှစ်

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ်အတွင်းရှိ လူငယ်များအား ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာနှင့်စွမ်းရည်များပြည့်ဝစေရန် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်လူငယ်များစွမ်းရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၂/၂၀၁၄) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO၊ INGO အဖွဲ့အစည်းများ၊ အထောက်အကူပြုကော်မတီဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက သင်တန်းသား သင်တန်းသူများအား လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁ ရက် မှ ၁၂ ရက်အထိ သင်ကြားမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၂၄ ဦး၊ ပြည်နယ်/ခရိုင်/ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသားခြောက်ဦး စုစုပေါင်း ၃၀ တို့ တက်ရောက်ကြောင်းနှင့် သင်တန်းတွင် ကျေးလက်ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးဦးစီးဌာနများနှင့် အခြားနှီးနွယ်သော ဌာနများနှင့် သက်ဆိုင်သောသင်ခန်းစာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သင်ခန်းစာများ၊ မြစိမ်းရောင်စီမံကိန်းများ၊ CDD Project အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆောက်အအုံဆောက်လုပ်ခြင်းပညာရပ်များ၊ ကျေးလက်လက်စွဲစာအုပ် (Village Development Plan) ပြုစုခြင်းလုပ်ငန်းများ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ဘားအံ)**



**ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု စွမ်းရည်မြှင့်တင်ရေးသင်တန်း(၂/၂၀၁၄) ဖွင့်ပွဲတွင် တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။**

# ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းနေထိုင်ကြပြီး ၎င်းတို့၏ ရိုးရာဓလေ့ပွဲတော်များကို နှစ်စဉ် ကျင်းပလေ့ရှိရာ ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ခူမီးစာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးပြီး ခူမီးလူမျိုးများ အများဆုံးနေထိုင်ရာ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့ မြို့မပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ခူမီးရိုးရာနှစ်သစ်ကူးပွဲကျင်းပခြင်းဖြင့် နှစ်ဟောင်းမှ မကောင်းမှုများ၊ အခက်အခဲများ၊ အနှောင့်အယှက်များ ပပျောက်ပြီး နှစ်သစ်တွင် တစ်နှစ်တာကာလပတ်လုံး လူသစ်စိတ်သစ်နှင့်အတူ မင်္ဂလာရှိသည့် အလုပ်အကိုင်၊ အတွေးအခေါ်၊ အကြံကောင်းဉာဏ်ကောင်းများရရှိကာ အောင်မြင်မှုအပေါင်းခညောင်းနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ရှေးယခင်က ခူမီးနှစ်သစ်ကူးပွဲတော်ကို သီးခြားမကျင်းပဘဲ တအိုင်စားပွဲ (ကောက်သစ်စားပွဲ)နှင့်အတူ ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ ဘမောင်က“ ဒီလို ရိုးရာပွဲတွေကျင်းပတဲ့အတွက် အရင်က မဆုံဖြစ်တဲ့ လူတွေပြန်ဆုံကြတယ်။ ဒေသစွဲစိတ်ဓာတ်ကို ပျောက်ကွယ်စေပြီး တစ်ယောက်အကြောင်း တစ်ယောက် နားလည်လာတယ်။ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်စေတယ်။ ပြည်ထောင်စုကြီး စည်းလုံးဖို့ဆိုတာ ဒေသအတွင်း၊ ပြည်နယ်အတွင်း မှာရှိတဲ့ တိုင်းရင်းသားတွေ စည်းလုံးရမယ်။ဒီလို စည်းလုံးဖို့ဆိုတာ အခြေခံအားဖြင့် တစ်ဦးနဲ့ တစ်ဦး ရင်းနှီးဖို့ လိုလာတယ်။ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ပြီး ချစ်ကြည်ရေးတည်ဆောက်ဖို့ ဒီပွဲတော်တွေကအရေးကြီးပါတယ်” ဟုပြောသည်။

ခူမီး တိုင်းရင်းသားတို့သည် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကြပြီး တောင်ယာလုပ်ငန်းအသစ်စတင်ရန် အောက်တိုဘာ ၃၁ ရက်တွင် ကောက်ပဲသီးနှံရိတ်သိမ်းပြီးသည့် အထိမ်းအမှတ် တအိုင်စားပွဲ ၊ နိုဝင်ဘာလတွင် သချိုင်းဖွင့်ပွဲ၊ ဒီဇင်ဘာ ၁ ရက်တွင် နှစ်သစ်ကူးပွဲများကို အစဉ်လိုက်အတိုင်း ပြုလုပ်ပေးပါက စီးပွားရေးလာဘ်လာဘများ တိုးပွားမည်ဖြစ်ကြောင်း ရှေးလူကြီးများ၏ မှာကြားချက်များအတိုင်း နှစ်သစ်တွင် ကောင်းကျိုးများခံစားရရှိရန်အတွက် ယနေ့ထိတိုင် ရိုးရာပွဲတော်များကို အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

ခူမီးရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ဒေါ်ဆာဆု (မြို့နယ်ပညာရေးမှူး-ငြိမ်း)က “အခုလို စည်စည်ကားကားဖြစ်အောင် ကျင်းပရတာက ခူမီးစာပေနဲ့ ယဉ်ကျေးမှုအစဉ်အလာထုံးတမ်း ဓလေ့တွေကို မေးမှိန်ပပျောက်သွားခြင်း မရှိအောင် မျိုးဆက်သစ်လူငယ်တွေကို လက်ဆင့်ကမ်း အမွေအနှစ်ပေးချင်လို့ပဲ ဖြစ်ပါတယ်။ အရင်နှစ်တွေကလည်း နှစ်သစ်ကူးပွဲကို နှစ်တိုင်းလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီလို စည်စည်ကားကား လုပ်တာတော့ ဒါပထမဆုံးပါ” ဟုပြောသည်။

ပလက်ဝမြို့နယ်ရှိ ကက်သလစ်အသင်းတော်စိန့်ပီတာဘုရားကျောင်းမှ ကျောင်းအုပ်ကြီးဖာသာပေါလ်ထွန်းခိုင်က “အခုလို နှစ်သစ်ကူးပွဲတော်ကျင်းပလိုက်ခြင်းဖြင့် ဒီမှာရှိတဲ့ ခူမီးမျိုးနွယ်စုတွေဟာ မိမိတို့ရဲ့ ယဉ်ကျေးမှုကို ပိုပြီးတန်ဖိုးထားမယ်။ တစ်ဦးနဲ့တစ်ဦးလည်း ပိုပြီးစည်းလုံးလာမယ်။ ဒီလို တစုတစည်းတည်း ပျော်ပျော်ပါးပါး ဆင်နွှဲကြတော့ ပိုပြီးရင်းနှီးမှုကို တိုးစေတယ်”ဟု ပြောသည်။

ပလက်ဝမြို့နယ်တွင် ခူမီးလူမျိုးအပါအဝင် ရခိုင်၊ လေးမြို့ချင်း၊ မြို(ခမိ)၊ မရာ၊ ခေါင်စို၊ အနူ စသည့် တိုင်းရင်းသား လူမျိုးစုများလည်း စုဝေးနေထိုင်ကြပြီး ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို အဓိကထားကိုးကွယ်ကြပြီး နတ်ကိုးကွယ်မှု အနည်းငယ်ရှိကြောင်း သိရသည်။

ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ဆီးဖလောင်းရွာမှ ဦးအာဗေလှက “နှစ်သစ်ကူးပွဲမှာ ရိုးရာအကပြိုင်ပွဲတွေပြုလုပ်ပေးခြင်းဟာ လူငယ်တွေကို ရိုးရာဖော်ထုတ်ပေးတာဖြစ်သလို နားမလည်တဲ့ လူငယ်တွေကိုလည်း နားလည်သွားစေပါတယ်။ ကျွန်တော်တို့ အရင် ဘိုးဘေးဘီဘင်ကတည်းက သုံးလာခဲ့တဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေ ဗုံပါမယ်၊ လင်းကွင်းပါမယ်၊တေးသရုပ်ဖော်၊နောက် ဓားသိုင်းအက၊ အရင်တုန်းက စစ်သုံးတဲ့ စစ်ခရာစတာတွေအပြင် အမျိုးသားရေးကို နိုးကြားစေတဲ့ တေးသီချင်းတွေနဲ့ ဖျော်ဖြေတယ်။ နောက်ပြီး ဝါးနဲ့ ရက်ထားတဲ့ တောင်ယာနဲ့ပတ်သက်တဲ့ အသုံးအဆောင်က တောင်ယာကပွဲတွေမှာ သုံးပါတယ်။ စပါး ကောင်းချီးမင်္ဂလာရဖို့ အထိမ်းအမှတ်နဲ့လုပ်တာပါ။ခေါင်းမှာထိုးထားတဲ့ ငှက်မြီးက ငှက်တော်ရဲ့ငှက်မြီးပါ။ ခေါင်းဆောင်ရဲ့ အထိမ်းအမှတ်ပါ” ဟုပြောသည်။

ယခုနှစ်ကျင်းပသည့် ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်တွင် စာပေဟောပြောပွဲများ၊ ရိုးရာအက အလှများ၊ရိုးရာအားကစားပြိုင်ပွဲများနိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်တွင် ခူမီးလူမျိုးများက ရိုးရာအသုံးအဆောင်တူရိယာပစ္စည်းများ၊ ရိုးရာဝတ်စုံများ၊ ရိုးရာတေးသီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြပြီး ရခိုင်တိုင်းရင်းသားများနှင့် ချင်းတိုင်းရင်းသား မြို(ခမိ)လူမျိုးများကလည်း ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ချင်းပြည်နယ် ပလက်ဝမြို့သည် အိန္ဒိယနိုင်ငံ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ရခိုင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရခိုင်ပြည်နယ်ကျောက်တော်မှတစ်ဆင့် ကုလားတန်မြစ်ကို အားပြု၍ စက်လှေဖြင့် ကူးသန်းသွားလာကြရသည်။နိုင်ငံတော်က ၂၀၁၁-၂၀၁၂ ခုနှစ်မှစ၍ ကျန်းမာရေး၊စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ မီးရရှိရေး၊ ရေရရှိရေးများ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းပေးပို့သော ခူမီးရိုးရာနှစ်သစ်ကူးပွဲသဝဏ်လွှာဖတ်ကြားပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက“ပလက်ဝထဲမှာနေထိုင်ကြတဲ့ ချင်းတိုင်းရင်းသားတွေက ခေတ်မီတဲ့ အတွေးအမြင်တွေ ရှိကြပါတယ်။ သူတို့ကို ပိုမိုပံ့ပိုးပေးလာတဲ့အခါကျတော့ ပလက်ဝမြို့ဟာ ၂၀၁၅ မှာ တိုးတက်တဲ့ မြို့နယ်ဖြစ်လာမှာပါလို့ပြောချင်ပါတယ်”ဟု သုံးသပ်ပြောကြားသည်။

ခူမီးနှစ်သစ်ကူးပွဲတော်သည် ခူမီးမျိုးနွယ်စုနှင့်အကျုံးဝင် သက်ဆိုင်သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်သာမက တစ်မြေတည်းနေ တစ်ရေတည်းသောက် မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သောပွဲတော်လည်း ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာပွဲတော်များ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်းဖြင့် ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ထူထောင်သွားနိုင်မည်ဖြစ်သည်။ ။




ဆူပြည့် 0931815390, 0931815395
ကျိုက်ထီးရိုး(ငြိမ်း)– ၃၅၀၀၀
ချောင်းသာ(ငြိမ်း)– ၄၀၀၀၀
ငွေဆောင်(ငြိမ်း)– ၅၀၀၀၀
ဒီဇင်ဘာကျောင်းပိတ်ရက် ခရစ္စမတ်ပွဲတော် | New Year Promotion 6+1 FREE
ဖွည်(အထောက်ထောင်)ဘီးလင်းမဲလံဆံထော်ရှင်(နေ့ချင်းပြန်)ကားမျိုးစုံ စီးလုံးငှားသည်




အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

CHO
ယောဂကျင့်စဉ် သင်တန်း
အမျိုးသမီးသီးသန့်
ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၁၃၄၀၊
၀၁-၂၉၄၆၉၉၊ ၀၉-၅၁၈၂၃၆၅

အခန်းကျယ်ရောင်းမည်
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။ အငှားထားလျှင်ဈေးကောင်းရမည်။
ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းကျယ် (17' × 60') ၊ အလင်းရောင်နှင့်လေကောင်းလေသန့် ကောင်းသည့် အိမ်ရှေ့ ဗဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ပန်းကနုတ်၊ သံပန်းများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်ထားသည့် ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့်တပ်ဆင်ပြီး(အိပ်ခန်း (၂)ခန်းပါ) A/C (1)လုံး၊ မျက်နှာကျက် ပလာစတာကောနစ်၊ အဆင့်မြင့်မီးအလှများနှင့် မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး ကြွေပြားများတစ်အိမ်လုံးပြည့်ခင်း/ကပ်၍ မီးဖိုခန်းနှင့် ဘီရိုများပါရှိသည်။ ရေချိုးခန်း Pressure Pump ရေပူ/ရေအေးတပ်ဆင်ပြီး၊ ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)
ပထမထပ်၊ ကျပ်သိန်း (၇၅၀) (ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ)
ဒုတိယထပ်၊ ကျပ်သိန်း (၇၂၀) Ph : 09-5053076

# စီးရီးအေ ရင်ခုန်သံ-၁၄

ရှိုင်း မင်း မင်း

*အီတလီစီးရီးအေပွဲစဉ် (၁၄) ကို ဒီဇင်ဘာ ၆၊ ၇၊ ၈၊ ၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး ဖီအိုရင်တီးနားနဲ့ ဂျူဗင်တပ် ဆုံတွေ့နေပါတယ်။ အထူးသဖြင့် ဖီအိုရင်တီးနားဟာ ပွဲစဉ် ၁၃ မှာ ကယ်ဂလီယာရီကို ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် ဂျူဗင်တပ်နဲ့ပွဲမှာ ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်မလားဆိုတာကို စောင့်ကြည့်သွားဖို့ရှိတယ် . . . .*

### ဖီအိုရင်တီးနား-ဂျူဗင်တပ် နံနက် ၂း၁၅ (၆-၁၂-၁၄)

ပွဲကောင်းတစ်ပွဲပါ။ ဖီအိုရင်တီးနားရဲ့ခြေက မဆိုးဘူး။ အထူးသဖြင့် ရှေ့ပွဲတွေမှာ အမှတ်ဆုံးရှုံးခဲ့ရတာကြောင့် အားစိုက်လာမှာသေချာသလို အိမ်ကွင်းလည်းဖြစ်တယ်။ တိုက်စစ်ကလည်း အခုနောက်ပိုင်း ဂိုးသွင်းခြေရလာတဲ့အတွက် ဂျူဗင်တပ်ကိုတုံ့ပြန်ကစားနိုင်မှာပါ။ ဂျူဗင်တပ်နိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်တာ သတိပြုရမယ်။

### နာပိုလီ-အမ်ပိုလီ ည ၆း၀၀ (၇-၁၂-၁၄)

အမ်ပိုလီက အခုနောက်ပိုင်းကစားပုံ မဆိုးဘူးဆိုပေမယ့် ခံစစ်ပိုင်းအားနည်းမှုကို ထိထိမိမိမဖြေရှင်းနိုင်သေးဘူး။ အဝေးကွင်းမှာဆိုရင် ကစားပုံပိုကျဆင်းတတ်တယ်။ နာပိုလီက ခံစစ်ပိုင်းအားနည်းပေမယ့် တိုက်စစ်က ဂိုးသွင်းခြေ အပြည့်ရှိတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ နာပိုလီကို အမ်ပိုလီအန်တုနိုင်ဖို့ခက်တာ သတိပြုရမယ်။

### ပါးမား-လာဇီယို ည ၈း၃၀ (၇-၁၂-၁၄)

ပါးမားခြေက အားနည်းလွန်းတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက အတော်လေး အားနည်းမှုရှိနေတာကြောင့် လာဇီယိုကို ထိန်းဖို့မလွယ်နိုင်ဘူး။ လာဇီယိုက အခုနောက်ပိုင်းခြေမငြိမ်သလို အဝေးကွင်းမှာ ခြေစွမ်း ပိုမိုကျဆင်းတတ်ပေမယ့် ဒီလိုပွဲမျိုးမှာ လာဇီယိုတို့ အမှားခံမှာမဟုတ်တာကို သတိပြုအားပေးရမယ်။

### ရိုးမား-ဆာစူအိုလို ည ၁၁း၃၀ (၆-၁၂-၁၄)

ဆာစူအိုလိုက နောက်ဆုံးငါးပွဲဆက်မရှုံးတဲ့အထိ ခြေငြိမ်နေတယ်။ ဒါပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်က ဂိုးပေးရမှုများတတ်တာကိုသတိပြုရမယ်။ အဆိုပါခံစစ်မျိုးနဲ့ ရိုးမားကိုယှဉ်ဖို့ဆိုတာက ခက်တယ်။ ရိုးမားက ချန်ပီယံလိဂ်ကစားဖို့ရှိပြီး ခြေချိန်ကစားရမှာကိုတော့သတိပြုရမယ်။ ရိုးမားရဲ့ အနိုင်ရလဒ်ပြတ်သားဖို့မလွယ်ဘူး။

### အတ္တလန်တာ-ဆီစီနာ ည ၈း၃၀ (၇-၁၂-၁၄)

ဆီစီနာရဲ့ခြေကအားနည်းလွန်းတယ်။ တိုက်စစ်က တစ်ပွဲတစ်ဂိုးနှုန်းသွင်းနိုင်ဖို့ကိုတောင် ရုန်းကန်နေရတယ်။ အထူးသဖြင့် ဆီစီနာဟာ အဝေးကွင်းနိုင်ပွဲ လုံးဝမရသေးသလို အဝေးကွင်းခြောက်ပွဲမှာ သုံးဂိုးသာသွင်းထားနိုင်တာကို သတိပြုရမယ်။ ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်တဲ့ အတ္တလန်တာ မရှုံးနိုင်တာကိုမေ့လို့မဖြစ်ဘူး။

### အင်တာ-အူဒီးနီးစ် နံနက် ၂း၁၅(၈-၁၂-၁၄)

အူဒီးနီးစ်က အခုနောက်ပိုင်းကစားပုံကျဆင်းလာတယ်။ အထူးသဖြင့် ခံစစ်က ပွဲတိုင်းနီးပါးဂိုးတွေပေးလာရသလို အဝေးကွင်းဆိုရင်လည်း တိုက်စစ်ကအစ ဂိုးသွင်းအားကျတတ်ကာ ကစားပုံလည်း အားနည်းတတ်တယ်။ အမှတ်လိုနေတဲ့ အင်တာမီလန်က အာရုံစိုက်ကစားမှာဖြစ်တဲ့အပြင် အိမ်ကွင်းဖြစ်နေတာနဲ့ပါ ချင့်ချိန်ရမယ်။

### တိုရီနို-ပါလာမို နံနက် ၂း၁၅ (၇-၁၂-၁၄)

တိုရီနိုရဲ့ခြေက သာမန်ထက်မပိုဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းလွန်းတယ်။ ပါလာမိုကတော့ လက်ရှိခံကစားမှုအရ တိုရီနိုထက်ပိုမိုကောင်းမွန်တာမှန်ပေမယ့် အဝေးကွင်းမှာကစားပုံကျဆင်းတတ်တယ်။ အထူးသဖြင့် ပါလာမိုရဲ့ခံစစ်က အဝေးကွင်းမှာ ဂိုးပိုပေးရတတ်လို့ တိုရီနိုအခွင့်အရေးရနိုင်တာ သတိပြုရမယ်။

### ဂျီနိုအာ-အေစီမီလန် ည ၈း၃၀ (၇-၁၂-၁၄)

ဂျီနိုအာရဲ့လက်ရှိကစားပုံက တည်ငြိမ်မှုအပြည့်ရှိတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေပုံမှန်ရနေတာကို သတိပြုရမှာဖြစ်သလို အိမ်ကွင်းအားလည်းရှိတယ်။ အေစီမီလန်က အမှတ်တွေဆုံးရှုံးခဲ့ရမှုကြောင့် အားစိုက်ကစားမှာဖြစ်ပေမယ့် ခြေမငြိမ်ဘူး။ အဝေးကွင်းခံစစ်ကလည်း အားနည်းတယ်။ ဒီပွဲလည်း ဂျီနိုအာမရှုံးလောက်ဘူး။

### ကယ်ဂလီယာရီ-ချီယေဗို နံနက် ၀၀း၃၀(၉-၁၂-၁၄)

ကယ်ဂလီယာရီက ကစားပုံကျဆင်းနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်တိုက် အနိုင်မရတဲ့ ခံစစ်က အဲဒီငါးပွဲမှာ ၁၃ ဂိုးအထိပေးခဲ့ရတယ်။ ထူးခြားတာက အခုအထိအိမ်ကွင်းနိုင်ပွဲရယူနိုင်မှုမရှိသေးခြင်းဘူး။ ဒါကြောင့် ချီယေဗိုရဲ့ခြေကသာမန်သာရှိပေမယ့် ကယ်ဂလီယာရီအသာရဖို့ ခက်တာသတိပြုအားပေးရမယ်။

### ဗီရိုနာ-ဆမ်ဒိုးရီးယား နံနက် ၂း၃၀(၉-၁၂-၁၄)

ဗီရိုနာက နောက်ဆုံးနှစ်ပွဲဆက်ရှုံးထားသလို နောက်ဆုံးငါးပွဲဆက်လည်းအနိုင်မရခဲ့ဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက ပွဲတိုင်းဂိုးပေးလာရတာတွေ့ရတယ်။ ဆမ်ဒိုးရီးယားကတော့ အခုနောက်ပိုင်းမှာ ကစားပုံကျဆင်းလာတာမှန်သလို အမှတ်လိုနေလို့တင်ကစားမယ့်အားက သတိပြုချင်စရာကောင်းတယ်။

## ချယ်လ်ဆီးဂိုးသမားအား ခေါ်ယူရန် ရိုးမားအသင်း စီစဉ်နေ

အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်း၏ ချက်ဂိုးသမားပီတာဆက်ချ်အား ခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။ ရိုးမားအသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း နာမည်ကျော်ကစားသမားအသစ်များခေါ်ယူအားဖြည့်ရန်ပြင်ဆင်နေပြီး ချယ်လ်ဆီးအသင်းတွင် ပုံမှန်နေရာရရှိရန်ရုန်းကန်နေရသည့် ပီတာဆက်ချ်အား စောင့်ကြည့်လာခြင်းဖြစ်သည်။ ပီတာဆက်ချ်မှာ ချယ်လ်ဆီးအသင်းတွင် ဆယ်စုနှစ်တစ်ခုကြာ ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက လူငယ်ဂိုးသမားကော်တိုယစ်ရောက်ရှိလာခြင်းကြောင့် အရန်အဖြစ်သာ ပွဲထွက်ကစားခွင့်ရရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ပီတာဆက်ချ်မှာ လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် ရေပန်းစားနေပြီး လက်ရှိအချိန်တွင် ၎င်းအား ရိုးမားအသင်းအပြင် အာဆင်နယ်၊ လီဗာပူး၊ အင်တာမီလန်စသည့်အသင်းများကလည်း ပစ်မှတ်ထားနေသည်။ ရိုးမားအသင်းမှာ ပီတာဆက်ချ်အား အခြားအသင်းများထက်ကြိုတင်လက်ဦးမှု ရယူကာ ခေါ်ယူရန် ပြင်ဆင်နေပြီး ၎င်းအတွက် ယူရို ၁၀ သန်းခန့် အသုံးပြုရန် အသင့်ရှိနေကြောင်း အီတလီ မီဒီယာများက ဖော်ပြကြသည်။



[ကိုရဲ]

## အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၄

**(၁၇)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ အုပ်ချုပ်သူနည်းပြနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့မှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများက အသင်းလိုက်မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွားရောက်ယှဉ်ပြိုင်မည့်မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ခေါင်းဆောင် ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှတင့်အား အောင်နိုင်ရေးအလံပေးအပ်သည်။

ယင်းနောက် အားကစားအဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ်က စတင်၍ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့သည်။ ယခုနှစ် (၁၇)ကြိမ်မြောက် ပြိုင်ပွဲတွင် အားကစားနည်း ၂၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကိုးမျိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ပါလီဘန်မြို့တွင် ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ ရေကူး၊ ကြက်တောင်၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ဝူရှူးစသည့် အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားပြိုင်ပွဲကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဆေးအဖွဲ့နှင့် အားကစားသမားများအပါအဝင် အင်အား ၁၁၈ ဦးတို့ နှစ်သုတ်ခွဲ၍ သွားရောက်ကြမည်ဖြစ်သည်။

ပထမအသုတ်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး အင်အား ၇၅ ဦးတို့သည် ဒီဇင်ဘာ ၆ ရက်တွင်လည်းကောင်း၊ ကျန်အားကစားအဖွဲ့ ၄၃ ဦးသည် ဒီဇင်ဘာ ၈ ရက်တွင်လည်းကောင်း ဒုတိယအသုတ်အဖြစ် ထွက်ခွာမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် အဖွဲ့ဝင်အားလုံးအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၈၀၀ ကို ဝေမိသားစုကျောက်မျက်ရတနာကုမ္ပဏီ ဒါရိုက်တာ ဦးစိုင်းရှဲန်တီးနှင့် ဇနီးဒေါ်မေသူဝင်းမိသားစုတို့က အားကစားအဖွဲ့ခေါင်းဆောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပရန် ကမ်းလှမ်းထားကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

**မူးယစ်ဟူသမျှ ဆန့်ကျင်ကြ**

## ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက်က သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် (၇၇×၇၈) လမ်းကြား ဝေသာလီမင်းကြီးလမ်းမပေါ်ရှိ ကွမ်းယာဆိုင်အနီးတွင် အောင်ဇေယျ(ခ)အောင်အောင်နှင့် သိန်းဇော်ဦးတို့နှစ်ဦးအား တွေ့ရှိ၍ ရှာဖွေမည်ပြုစဉ် အောင်ဇေယျက အထုပ်တစ်ထုပ်ကို လမ်းမပေါ်သို့ လွှင့်ပစ်လိုက်၍ ဖွင့်ဖောက်စစ်ဆေးရာ ထိုးမုန့်ချပ်စက္ကူဘူးအတွင်း ပလတ်စတစ်ကပ်ခွာအိတ် ၁၀ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၀ သိမ်းဆည်းရမိသဖြင့် အောင်ဇေယျ(ခ)အောင်အောင် (၃၀)နှစ်နှင့် သိန်းဇော်ဦး(၂၆)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အောင်ဇေယျ(ခ)အောင်အောင်နှင့်သိန်းဇော်ဦးတို့ နှစ်ဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**(ကြေးမုံ)**







UNIQUE TRAVELS & TOURS CO.,LTD. UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Dec: 6,13,20,27/ Jan:3,10,17,24,31 (300,000)
ကွမ်းသလီလိကျွန်းရှန်ဂရီလာ (6)D Dec: 13,27/ Jan: 10,24 / Feb :14,28 / Mar :14,28 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် နူဒိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079
UNIQUE TRAVELS & TOURS CO.,LTD.
တောင်ကြီး Dec:24 (165,000)
ပုဂံ/မန္တလေး Dec:24 (165,000)
ချောင်းသာ Daily (75,000)
Dec:24 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ပေလီ Daily (280,000)
(Merciel Hotel & Resort)

## ဓမ္မဒူတယဉ်ကျေးလိမ္မာ ကလေးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာ ကလေးတရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ Grade၁၀(၉တန်း)များအတွက် ၂၁-၁၂-၂၀၁၄မှ ၂၃-၁၂-၂၀၁၄ရက်အထိ တက္ကသိုလ်ကျောင်းသားများအတွက်(၂၄-၁၂-၂၀၁၄ မှ ၂၆-၁၂-၂၀၁၄)ရက်အထိ Grade8,9(၇/၈) တန်းများအတွက် (၂၇-၁၂-၂၀၁၄ မှ ၂၉-၁၂-၂၀၁၄)ရက်အထိ Grade-6,7(၅/၆) တန်းများအတွက် (၃၀-၁၂-၂၀၁၄ မှ ၁-၁-၂၀၁၅)ရက်အထိ Grade-4,5 (၃/၄) တန်းများအတွက် (၂-၁-၂၀၁၅မှ၄-၁-၂၀၁၅)ရက်အထိ ဖွင့်လှစ်မည် ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန်အတွက် ဖော်ပြပါ website http://reg.dhamma-dutahmawbl.org/သို့ အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို အင်္ဂလိပ်လိုရေးသားပြီး ဒီဇင်ဘာလ ၇ ရက်မှ ၁၄ရက်အတွင်း သက်ဆိုင်ရာအတန်းနှင့် အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းစာရင်းပေးရပါမည်။ စာရင်းပေးသွင်းသော E-mail လိပ်စာများသို့ ဒီဇင်ဘာ၁၈ရက်မှ ၂၀ရက်အတွင်း အကြောင်းပြန်ပါမည်။ အချက်အလက်မပြည့်စုံ၊ မမှန်သူများကို စာရင်းလက်ခံမည် မဟုတ်ပါ။

## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဒဂုံတက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာန၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၉၉၇၊၁၉၉၉၊၂၀၀၀Intake)၏ ဒုတိယအကြိမ်မြောက် ဆရာ၊ ဆရာမများအား စုပေါင်းပူဇော် ကန်တော့မည်ဖြစ်ပါသောကြောင့် အာစရိယပူဇော်ပွဲသို့ အောက်ပါအစီအစဉ်အတိုင်းကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၉း၀၀)နာရီ မှ (၁၁း၀၀)နာရီအထိ
ကျင်းပမည့်နေရာ - အဆောင် (၄၀)၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံချင်းမိုင်တက္ကသိုလ်(Chiang Mai University) တို့ ပူးပေါင်းဖွင့်လှစ်မည့် Master of Economics (MEcon) (CMU) မဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။ သင်တန်းမှာ (၁)နှစ်ခွဲ ကြာမြင့်မည်ဖြစ်ပြီး ချင်းမိုင်တက္ကသိုလ်မှ ဘွဲ့အပ်နှင်းမည် ဖြစ်ပါသည်။

၂။ အဆိုပါ မဟာဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ မည်သူမဆို လျှောက်ထားနိုင်သည်။ (စီးပွားရေးပညာဘွဲ့ရရှိသူကို ဦးစားပေးမည်)
(ခ) စီးပွားရေးတက္ကသိုလ်များတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့်ဆရာ၊ဆရာမများ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစသည့် စီးပွားရေးဘာသာရပ်များဖြင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများလည်း လျှောက်ထားနိုင်ပါသည်။
(ဂ) အင်္ဂလိပ်စာ၊ သင်္ချာနှင့်စာရင်းအင်းပညာ ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။
(င) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်၊ စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို (http://www.econ.cmu.ac.th/yangonprogram)တွင်ရယူ၍ ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)သို့ ၈-၁၂-၂၀၁၄ ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ အဆိုပါဌာန၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းတက်ရောက်ခွင့်ရပါက လစဉ်ကျောင်းလခ(၂၀၀၀၀)ကျပ် ပေးသွင်းရမည်ဖြစ်သည်။

၅။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ(၄၀)ဦး လက်ခံပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်းအမှတ်-၀၉-၅၀၅၇၃၃၁၊ ၀၉-၅၀၂၇၈၈၁ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်-၁**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ငါးလုပ်ငန်းဦးစီးဌာနပိုင် သိုလှောင်ရုံအဆောက်အအုံ (၁၇)လုံးအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းနယ်မြေရှိ သိုလှောင်ရုံအဆောက်အအုံ များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည် ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်သိုလှောင်ရုံ အဆောက်အအုံများ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) နေ့ရက် - ၅-၁၂-၂၀၁၄ ရက်မှ ၁၂-၁၂-၂၀၁၄ရက်အထိ
(ခ) အချိန် - နေ့စဉ် ရုံးဖွင့်ချိန်များတွင် နံနက် ၉ နာရီမှ ၁၆း၃၀ နာရီအထိ
(ဂ) နေရာ - (၁) ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်။
(၂) ငါးလုပ်ငန်းဦးစီးဌာန၊ သိုလှောင်ရုံဌာနစု၊စက်မှုဆေးဝါးလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဃ) တင်ဒါတစ်စောင်နှုန်း - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)

၄။ သိုလှောင်ရုံအဆောက်အအုံများ၏မျက်မြင်အခြေအနေအားကြည့်ရှုရမည့်နေရာ - ငါးလုပ်ငန်းဦးစီးဌာန၊ သိုလှောင်ရုံဌာနစု၊ စက်မှုဆေးဝါးလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်။

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၆-၁၂-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီ

၇။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၁၂-၂၀၁၄ ရက် နံနက် ၁၀ နာရီ

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ဖုန်းနံပါတ် | နေပြည်တော် | ဖုန်း-၀၆၇-၄၁၈၅၃၁ |
| | ငါးလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၆၇-၄၀၈၄၇၄ |
| | ရန်ကုန်တိုင်းဒေသကြီး | ဖုန်း-၀၁-၆၄၇၇၁၆ |
| | ငါးလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁-၆၄၇၇၂၁ |

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
ငါးလုပ်ငန်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ တာဝန်ယူဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကျောက်တန်း-ဝဲကြီး-တံတား-သုံးခွလမ်းပေါ်ရှိ မှော်ဝန်းချောင်းတံတား တည်ဆောက်ရန်အတွက် လိုအပ်သော မြစ်ကျောက်စရစ်၊ မြစ်သဲ၊ တောသစ်၊ Bentonite နုန်းသဲ၊ 30mm Ø steel Rope Welding Rod၊ M.S Thin Sheet များ ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ စံချိန်စံညွှန်းအသေးစိတ်စာရင်း၊ သယ်ယူပို့ဆောင်ရမည့် တည်ဆောက်ရေးပစ္စည်းစာရင်းနှင့် တင်ဒါပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၅)၊ ဘိုကလေးမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက်အချိန် | - | ၅-၁၂-၂၀၁၄ရက်၊ ၉ နာရီ |
| တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၁၈-၁၂-၂၀၁၄ ရက်၊ ၁၂ နာရီ |
| တင်ဒါဖွင့်မည့်ရက်အချိန် | - | ၁၈-၁၂-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ |

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၄၅-၄၅၇၂၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ် (၃/၂၀၁၄-၂၀၁၅)

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ဖြည့်စွက်) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)မှ တာဝန်ယူဆောင်ရွက်မည့် ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းတွင် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက် စံချိန်စံညွှန်း အသေးစိတ်စာရင်းနှင့်တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၃၆၇တွင် ၈-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်မည့်အချိန် - ၁၅-၁၂-၂၀၁၄ရက်၊ ၁၃း၃၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၄)
တင်ဒါဖွင့်မည့်အချိန် - ၁၅-၁၂-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီ

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

နွေရာသီ(၃)လပြတ်သင်ရိုးကုန်လက်ခံပြီ။
၂၀၁၅ ၁၀တန်း ၃-လပြတ် အဆင့်မြင့် စာသင်ဝိုင်း
ဒီဇင်ဘာ(၅)ရက်နေ့စမည်။
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးဝေမင်းအိမ်
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးကျော်မိုးလတ်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
သင်တန်းများကိုဖုန်းဆက်ကြိုတင်အပ်နှံပါရန်
ဝိုင်း(၅၀၀၀၀)ကျပ်၊ ရှယ်(၈၀၀၀၀)ကျပ်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

မင်္ဂလာဒီ Fully Air-con Express
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး 35000
တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း 45000
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
(၅)ဦး ငယ် လျှင် (၁)ဦး Free
01-387973,09-420051117

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၅-၁၂-၂၀၁၄ (သောကြာနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ် |
| ၅း၄၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်"(အပိုင်း၄၃) [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၇း၅၀ | နွေးထွေးသောကမ်းလက်များ |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၄၀) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၅၀ | World Music Festival |
| ၁၁း၀၀ | Food & Decor |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၂၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) (ဦးလေးကိုကြီး အန်ကယ်မောင်လေး) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၇၂) |
| ၅း၂၀ | ပျော်ပျော်ပါးပါး Junior လေးများ |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၇၃) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) (မြန်မာပြည်သာဂီ) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၄၁) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၂၉) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | Movie Talk [ရိုက်ကွင်းပေါ်က ရှင်ဘုရင်များ (ဒါရိုက်တာမောင်မိုးသူနှင့်တွေ့ဆုံခြင်း (အပိုင်း-၃) |
| ၁း၄၅ | MRTV-4 Stage |
| ၄း၄၀ | ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော် |

ရွှေနဂါး (ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-55000
ကားမျိုးစုံ စီးလိုက်ငှားသည်။
209077, 209388, 09-73167000

ရွှေသိပ်ပြတန်း
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,09-5403844
01-710436,09-5044830

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-70000
No-၁၁/၁၃၊ဒုတ္တာဂုရွှေတိဂုံဘုရားလမ်းထိပ် ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

မှုခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှုခင်းအသိပညာရရှိစေဖို့
မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(I/36)ယနေ့ထွက်ပြီ
Ph-01-397164, 297297
★တုတ်ဓားလက်နက်တွေတင်ဆောင်လာတဲ့ ကားတွေကို စစ်ဆေးအရေးယူ★သားကို တူမီးသေနတ်နဲ့ပစ်သတ်သူကို ဖခင်က ပြန်သတ်လိုက်တဲ့ဖြစ်ရပ် ★ငွေသိန်း(၁၀၀)နဲ့အတူ ဖမ်းမိတဲ့ လောင်းကစားသမား ခြောက်ဦး ★မိန်းမချင်းစကားများရန်ဖြစ်နေတဲ့ကြား လင်သားဓားနဲ့အထိုးခံရလို့သေဆုံး★ ချွေးမကို ထိုးကြိတ်နေတဲ့သားဖြစ်သူကို ဝင်ရောက်ဟန့်တားတဲ့ဖခင် လူသတ်မှုနဲ့အရေးယူခံရ ★သမီးအရင်းကို တရုတ်မယားအဖြစ်ရောင်းစားတဲ့မိခင် အရေးယူခံရပြီ ★သူခိုးနဲ့ပက်ပင်းတိုးတဲ့အဘွားအိုအသတ်ခံရ ★ယောက်ဖကိုရန်ငြိုးကြောင့် ဓားနဲ့ထိုးသတ်ခဲ့သူက ဖြောင့်ချက်ပေးတဲ့နေပြည်တော်က လူသတ်မှု ★(၁၁)ရက်သမီးလေးကို သေပြီအထင်နဲ့ စဥ့်အိုးထဲထည့်ခဲ့လို့တကယ်သေဆုံးသွားတဲ့ဖြစ်ရပ် ★သုဝဏ္ဏမှာလက်နက်တွေကိုင်ဆောင်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်သူတွေကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးလိုက်ပြီ ★ငွေတစ်သောင်းတန်ကို ကာလာပရင့်နဲ့မိတ္တူပွားပြီး သုံးစွဲတဲ့သူကို ဖမ်းဆီးရမိ ★ရင်းနှီးတာကို အကြောင်းပြုပြီး မုဒိမ်းမှုကျူးလွန်သူရဲ့ဖြစ်ရပ်★ပဲခင်းထဲလှည်းဖြတ်လို့ပေါက်တူးနဲ့ခုတ် ... စတဲ့သတင်းများနဲ့အတူ ဖတ်ရှုရမည်။

စက်သုံးဆီဆိုင်သုံး ဆင်ပိုစစ်မြန်မာ Product များ
Real Tech ဆီပန့်
Tank Level Sensor စနစ် (e -Tank)
ဆီအရောင်းနှင့် စာရင်းချုပ် ကွန်ပျူတာစနစ် (e-Petrol)
ဆီပန့်တိုက်ရိုက် ချိတ်ဆက် အရောင်းကွန်ပျူတာစနစ် (e-filling)
ကြွေးရောင်း၊ကြိုရောင်းနှင့်SmartCardဖြင့်Promotionဆောင်ရွက်နိုင်သောစနစ်(e-Smartcard)
ဆင်ပိုစစ်မြန်မာ နည်းပညာကုမ္ပဏီ Tel : 01-291442, 01-9010413,01-298676, 09-73 203624, 09-50 52644

# တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)**
**၁၃၇၆ ခုနှစ်၊   လ   ရက်**
**၂၀၁၄ ခုနှစ်၊   လ   ရက်**

**နိဒါန်း**

ဥပဒေနှင့်အညီထိမ်းမြားကြသော လင်နှင့်မယားတို့တစ်ဦးအပေါ် တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ မယားပြိုင်အဖြစ်ရောက်ရှိခြင်းမှ ကာကွယ်ရန်နှင့် အမျိုးသားများက မယားအများယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **"တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့် လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသားနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"နိုင်ငံသား"**ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။
(ခ) **"မြန်မာနိုင်ငံတွင် နေထိုင်သူ"**ဆိုသည်မှာ မြန်မာနိုင်ငံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကိုဆိုသည်။
(ဂ) **"ယောကျ်ား"** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ လူယောကျ်ားကို ဆိုသည်။
(ဃ) **"မိန်းမ"** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်။

**အခန်း (၂)**
**တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း**

၄။ မည်သည့် ယောကျ်ားနှင့် မိန်းမ မဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်း ပြုနိုင်သည်။

၅။ ဤဥပဒေအာဏာတည်ပြီးနောက် ယောကျ်ားနှင့်မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်းသာလျှင် တရားဝင်အတည် ဖြစ်သည်။

၆။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၇။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေနှင့် ညီညွတ်ပါက တရားဝင် အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်သည်။

**အခန်း (၃)**
**ထပ်မံထိမ်းမြားခြင်းကို တားမြစ်ခြင်း**

၉။ ဤဥပဒေအာဏာတည်သည့်နေ့၌ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့် မယား တစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါ ထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင် နေထိုင်ပေါင်းသင်းခြင်း မပြုရ။

၁၀။ ဤဥပဒေအာဏာတည်သည့်နေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသူသည် ထိုထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။

၁၁။ ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့်အထောက်အထား တင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင်သည်။

**အခန်း (၄)**
**တစ်လင်တစ်မယားစနစ်ကိုဖောက်ဖျက်ခြင်း၏ အကျိုးဆက်များ**

၁၂။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယား တစ်ဦးဦးသည် ထပ်မံ၍ ထိမ်းမြားမှုပြုလျှင် ထိုသူသည် အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ရာရောက်သည်။

၁၃။ တည်ဆဲဥပဒေများတစ်ရပ်ရပ်၊ ဘာသာ၊ ဓလေ့ထုံးတမ်းတွင် မည်သို့ပင် ဆန့်ကျင်လျက်ပါရှိစေကာမူ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားတစ်ဦးဦးသည် အခြားသူနှင့် ထပ်မံ၍ ထိမ်းမြားလျှင် အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၄။ ပုဒ်မ ၁၃ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေး ပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်။

၁၅။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့်ထပ်မံထိမ်းမြားပါက ထိမ်းမြားခြင်းအတည်မဖြစ်သဖြင့် ထိုယောကျ်ားနှင့်အတူ နေထိုင်ပေါင်းသင်းသည့် နောက်မိန်းမသည် ထိုယောကျ်ားသေဆုံးသွားလျှင် အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမနှင့်အတူ နေထိုင်ပေါင်းသင်းသည့် ယောကျ်ားသည်လည်း နောက်မိန်းမသေဆုံးသွားလျှင် အမွေကို ဆက်ခံခွင့် မရှိစေရ။

၁၆။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် ပုဒ်မ ၉ သို့မဟုတ် ပုဒ်မ ၁၀ နှင့် ဆန့်ကျင်၍ ထိမ်းမြားမှုထပ်မံပြုလုပ်လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၄ အရ လင် သို့မဟုတ် မယား ရှိနေစဉ် ထပ်မံထိမ်းမြားသည့် ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၇။ လင် သို့မဟုတ် မယားတစ်ဦးဦးသည် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

**အခန်း (၅)**
**အထွေထွေ**

၁၈။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကျောင်းပေါင်းစုံ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ ပြိုင်ပွဲကို ဝါယာလက်တောတိုက် ဓမ္မရိပ်သာကျောင်း၌ နိုဝင်ဘာ နောက်ဆုံးပတ်အတွင်းက ကျင်းပရာ မင်္ဂလာဒုံမြို့နယ် အလက(၄) ကျောင်းမှ ကျောင်းသားများ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြစဉ်။**
**(ကြေးမုံ)**

## လူကုန်ကူးမှု ဟောပြောပွဲကျင်းပ

**ရန်ကုန်၊ ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ပြုလုပ်သော နည်းပညာအင်တာနက်နှင့် လူကုန်ကူးမှု ဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက အလက (၂) ဗဟန်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ ကျော် တက်ရောက်ခဲ့ကြပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသင်းသင်းလွင်က လူကုန်ကူးမှုနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။ **သန္တာမေ**(IPRD)

## တိုင်းရင်းဆေးကုဌာနသို့ အလှူငွေများ လှူဒါန်း

**ပူတာအို၊ ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် တိုင်းရင်းဆေးကုဌာနကို နိုဝင်ဘာ ၂၄ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ အဆိုပါ တိုင်းရင်းဆေးကုဌာနသို့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဖြစ်သည့် ဂရိတ်ဝေါ၊ ထွန်းရွှေဝါ၊ ကေသီပန်၊ အဘထနှင့် မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့က ကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်း ကျပ်သိန်း၅၀ ကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **ဖုန်ကန်** (IPRD)

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)မှ အလျား ၁၇၅ပေ×အနံပေ၄၀×အမြင့် ၂၉ပေရှိ (၂)ထပ်ပင်မစာသင်ဆောင်၏ အမိုးများပြုပြင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၄ရက် ၃း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ) ဖုန်း-၀၄၃-၆၅၃၂၀၊ ၀၄၃-၆၅၃၂၁တို့တွင်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)

**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂c/၈၂၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှာသာကြီး)

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၂၀/၂၀၁၄)**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (1) | IFB-100(14-15) | Spares for Nissan PE-6 Diesel Engine (13) Items | US$ |
| (2) | IFB -101 (14-15) | Mechanical Spares for ZJ 70L , ZJ 50D & EMSCO Drilling Rigs (14) Items | US$ |
| (3) | IFB-102 (14-15) | Annular Blow Out Preventers and Hydrill Blow Out Preventers (5)Items | US$ |
| (4) | DMP/L-029(14-15) | Spares for Driller Console of ZJ 50 D & ZJ 70 L Drilling Rigs (1)Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

**ဥယျာဉ်၊ ခြံ၊ မြေ**
**အမည်ပေါက်ရောင်းရန်ရှိသည်**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ အနောက်ပိုင်းတက္ကသိုလ်အနီး။
ဆက်သွယ်ရန်ဖုန်း- ၀၉ ၃၃၅၀၂၃၃၆၊ ၀၉ ၅၀၀၂၅၄၇

**ဟွန်ဒိုင်း City bus**
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

လက်ရှိပြေးဆွဲနေသော ကားသန့် စီအင်ဂျီ-၄၈၄ လီတာဖြင့် (1F) နှင့်(7E) နှစ်စီးကို ကျပ်သိန်း(၅၆၀)ဖြင့် ရောင်းမည်။
ဖုန်း-၀၉-၅၁၅၈၄၁၆၊ ၀၉-၄၉၅၇၁၁၁၆

# ဘူတာများတွင် ရောင်းချသည့်အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ-မရှိ စစ်ဆေး

**မော်လူး၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားမီးရထားဘူတာနယ်မြေအတွင်းရှိ မြန်မာ့မီးရထားကျန်းမာရေးဌာနမှ မီးရထားဘူတာများတွင် ရောင်းချနေသည့် အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိ-မရှိ၊ သန့်ရှင်းသပ်ရပ်မှုရှိ-မရှိကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက မော်လူးမီးရထားဘူတာတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစားအသောက်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာသို့ နဘားနယ်မြေ မြန်မာ့မီးရထားကျန်းမာရေးဌာနက ဆေးမှူး ဦးစိုးမြင့်(တာဝန်ခံ) နှင့် ဝန်ထမ်းတစ်ဦးလိုက်ပါစစ်ဆေးခဲ့သည်။

အဆိုပါ ဆေးမှူးနှင့်အဖွဲ့သည် မြန်မာ့မီးရထားနယ်မြေဧရိယာအတွင်း ရောင်းချလျက်ရှိသည့်စားသောက်ဆိုင်၊လက်ဖက်ရည်ဆိုင်နှင့် အခြားစားသောက်ကုန်များရောင်းချသည့် ဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှု ရှိ-မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မီးရထားဘူတာများသို့ မြန်မာ့မီးရထားကျန်းမာရေးဌာနမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများကို တစ်လနှစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ကျေးလက်လမ်းများကွင်းဆင်းစစ်ဆေး

**သရက် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်ရန်ရှိသော သရက်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ သွားလာရေးလွယ်ကူစေရေးအတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်မှုဖြင့် ဆောင်ရွက်လျက်ရှိသောပေကုတင်-အုန်းမွန်းတော မြေသားလမ်းအဆင့်မြှင့်တင်မှု ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၁ ရက်က မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေကုတင်-အုန်းမွန်းတောလမ်းပိုင်းကောင်းမွန်သွားပါက ဒေသတွင်းကျေးရွာ ၂၅ ရွာမှ ပြည်သူများ လူနေမှုဘဝ ပိုမိုတိုးတက်လာပြီး ဒေသအတွင်း အဓိက အရေးပါသော လမ်းတစ်လမ်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ် အင်းမကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

**ချောင်းဦး၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာအုပ်စု အင်းမကျေးရွာတွင် ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီက စတင်ပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာသို့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ ကံဇီးကျေးရွာ၊ ဝယာကျေးရွာ၊ အင်းမကျေးရွာများတွင် လျှပ်စစ်မီးရရှိလာပြီဖြစ်ပြီး ကျန်ကျေးရွာများကိုလည်း အမြန်ဆုံး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ အင်းမကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲ ဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံဌေး၊ အင်းမကျေးရွာ မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးငွေလွင်နှင့် ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအကြောင်းများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

အင်းမကျေးရွာတွင် လျှပ်စစ်ဓာတ်အားများ အသုံးပြုရသည့်အတွက် ကျေးရွာနေပြည်သူများ မြို့ပြနှင့်မခြား လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ခြင်းကြောင့် အိမ်တိုင်းတီဗွီ၊ ရေခဲသေတ္တာ၊ မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ အစရှိသည်တို့ကို အသုံးပြုနိုင်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း အင်းမကျေးရွာမှ ဦးအောင်သန်းက ပြောသည်။

**ယုယုဝင်း (ပြန်/ဆက်)**

# မုံရွာစက်မှုဇုန်ရှိ ဂွမ်းဖတ်စက်ရုံ တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွား

**မုံရွာ၊ ဒီဇင်ဘာ ၄**

ဂွမ်းဖတ်စက်အတွင်း အဝတ်ဖတ်များထည့်နေစဉ် ကျောက်ခဲရောနှောပါဝင်သွားသောကြောင့် ကြိတ်လုံး နှင့်ပွတ်တိုက်မိပြီး မီးပွင့်ရာမှ နိုဝင်ဘာ ၂၈ ရက် ညနေပိုင်းက မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် နွယ်သာကီလမ်းနှင့် (၄၂) လမ်းထောင့်ရှိ သမင်ညီနောင်ဂွမ်းဖတ်စက်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ ၆၀×၂၀ အုတ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း ဂွမ်းဖတ်စက်နှစ်လုံး၊ အဝတ်ဖတ်ပိတ်စ ပိဿာ ၂၀ ခန့် မီးလောင်သွားသဖြင့် ကျပ် ၁၉ သိန်းကျော်ဆုံးရှုံးခဲ့ကြောင်း မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။ ဂွမ်းဖတ်စက်မှ ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် စတင်လောင်ကျွမ်းပြီး ညနေ ၆ နာရီခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဂရုဏာရှင်များ နာရေးကူညီမှုအသင်း (၁၂) နှစ်ပြည့် ဓမ္မပူဇာသဘင် စည်ကားသိုက်မြိုက်စွာကျင်းပ

**မကွေး၊ ဒီဇင်ဘာ ၄**

မကွေးဆရာတော်ကြီး ဦးစီးတည်ထောင်သည့် ဂရုဏာရှင်များနာရေးကူညီမှုအသင်း (၁၂) နှစ်ပြည့် ဓမ္မပူဇာသဘင် တရားပွဲများကို နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ၃၅ ရက်တိုင်တိုင် မကွေးမြို့မဈေးကြီးအနီး လမ်းမတော်လမ်းပေါ်ရှိ ဂုဏ်တောရိပ်သာကျောင်းတိုက်ဝင်းအတွင်း ညစဉ် ၇ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြိုင်ဆရာတော် ဦးပညာဇောတ၊ သီတဂူဒေါက်တာအရှင်ဉာဏိဿရ၊ ကန္တာရစရိယ၊ ဓမ္မမဏ္ဍိုင်အရှင်တေဇနိယ၊ အရှင်ကဝိဓဇာလင်္ကာရ (မျိုးသာဂီ)၊ ဒေါက်တာအရှင်အာသဘ (ရွှေဝါဝင်းကျောင်း)၊ ကြို့ပင်ကောက်ဆရာတော် အရှင်ဝိမလ၊ဒေါက်တာအရှင်ဝဏ္ဏသီရိ အရှင်တေဇာစာရ (ရှင်နေမင်း)၊ အရှင်စန္ဒောဘာသ (ဖိုးလမင်း)၊ အရှင်ဗုဒ္ဓပိယ (မစိုးရိမ် )မနာပဒါရီအရှင်ဝိစိတ္တ (ကိုရီးယားဆရာတော်)၊ အရှင်ပါကဋ္ဌာလင်္ကာရ (ဓမ္မပါလ)၊ မင်္ဂလာဘုံကျော်အရှင်ကေသဝ (ချမ်းမြေ့ဆရာတော်)တို့မှဟောကြားခဲ့သည်။

ယင်းပြင် သရဖူအရှင်တေနိယ (MA)၊ ဓမ္မဓရဒေါက်တာအရှင်ကုမာရ၊ အရှင်သုဇာတ (မေတ္တာအေး)၊ အရှင်ဓမ္မိက (ငြိမ်းချမ်းဆရာတော်)၊ အရှင်ပဏ္ဍိတ (သစ္စာမြိုင်)၊ အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ဓမ္မဓူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ၊ ဝေါဆရာတော် ဦးသုမင်္ဂလ၊ ဒေါက်တာအရှင်ဇယတိဿ (သစ္စာပါရမီ) ဆရာတော်ကြီးများမှ မကွေးမြို့ပေါ် ၁၅ ရပ်ကွက်နှင့် မြို့နယ်အနီးရှိ ကျေးရွာများမှ လာရောက်ဖူးမြော်နာယူကြသော ဗုဒ္ဓဘာသာဝင်အပေါင်းအား တရားဒေသနာတော်များ ဟောပြောသွန်သင်ဆုံးမလျက်ရှိသည်။

ဓမ္မပူဇာသဘင် ကျင်းပနေစဉ်အတွင်း သုံးဘီးဆိုင်ကယ်ပိုင်ရှင်များ၊ အငှားယာဉ်မောင်းများ၊ လိုက်ထရပ်အငှားယာဉ်လုပ်ငန်းသမားများ၊ ကိုယ်ပိုင်ကားရှိသူများအနေဖြင့် တရားနာသွားရောက်လိုသူ ဒေသခံပြည်သူများအတွက် အသွား၊ အပြန် အခမဲ့ ကုသိုလ်ယူကာ လိုက်ပါပို့ဆောင်လျက်ရှိကြောင်းသိရသည်။

အဆိုပါ တရားနာပရိသတ်များအနေဖြင့်လည်း တရားခွေများဝယ်ယူပူဇော်ခြင်း၊ တရားအလှူတော်ငွေများထည့်ဝင်ခြင်းဖြင့် ကုသိုလ်ဒါနများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကနီမြို့တွင် အိမ်ခြေ ၂၀၀ အားဆိုလာမီးများတပ်ဆင်

**ကနီ၊ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် တိုင်းဒေသကြီးထောက်ပံ့မှုတစ်ဝက်နှင့် ပြည်သူထည့်ဝင်ငွေတစ်ဝက်ဖြင့် (20 W) ရှိ ဆိုလာတစ်ပြား၊ 5 Ampere ရှိကွန်ဒိုလာ၊ 12 Ampere နှင့် 12 ဗို့အားရှိ ဘက်ထရီတစ်လုံး၊ မီးကြိုးသုံးကြိုးနှင့် (LED) မီးသီးငါးလုံးပါ တစ်အိမ်သုံးဆိုလာပြားများအား လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများတွင် ထောက်ပံ့တပ်ဆင်ပေးလျက်ရှိရာ ကနီမြို့နယ်အတွင်းမှ ရေလယ်ကျွန်း၊ ခိုတွင်းနှင့် ပလ္လင်(တ)ကျေးရွာများမှ အိမ်ခြေ ၂၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆိုလာမီးများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းတပ်ဆင်ပေးမှုဖြင့် ကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၂၀၀ တို့မှာ တစ်အိမ်သုံးဆိုလာများနှင့် မီးများလင်းနေပြီဖြစ်ပြီး အဆိုပါကျေးရွာများနည်းတူ အခြားကျေးရွာများကိုလည်း ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**သန်းဌွေးအောင်(ကနီ)**

ပညာမြင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-ကက၁၃/၀၉/၀၂၈



ကျောင်းသားဆောင်
၂၉၃၊ ဂန္ဓါရီရိပ်သာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့



ပညာမြင်းမိုရ်
၅-တန်းမှ ၁၀-တန်းအထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၄၀/၃၈၊ သီရိဂုဏ်အိမ်ရာ၊ ဓမ္မယန္တရာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့



ကျောင်းသူဆောင်
၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဓမ္မယန္တရာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့

* ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
* ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
* ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
* ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
* လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။
* ကျောင်းတစ်ကျောင်း၏ ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များဖြင့်ပြည့်စုံပြီး ကျောင်းသားတစ်ယောက် ရသင့်ရထိုက်သော အခွင့်အရေးများအပြည့်အဝ ရရှိစေမှုစသည်တို့ကို လိုအပ်သောမိဘတိုင်း ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း သို့အပ်နှံကြသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကြိုတင်အပ်နှံနိုင်ပါပြီ။

ဖုန်း- 09 31233275, 01-562830, 09 73004720, 09 259258407

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ- ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်- ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်- ၂၀၁၃) နှင့် Certificate ရ

ဖျံ့-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် - တအဆက(စာနယ်ဇင်း) ၀၂၂/၀၃၃၃

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D. (Alternative Medicines)

ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅ ၊ ၀၁ ၃၉၂၅၉၄

## တိုက်ခန်းရောင်းမည်
(စမ်းချောင်းမြို့နယ်)

မဟာမြိုင်နီး၊ ကျွန်းတောလမ်းမနီး၊ ငှက်ပျောတောလမ်း၊ ပထမထပ် (IF) ပေ(၁၂½ ×၅၅)၊ ပါကေးခင်း၊ အခန်း(၁)ခန်း၊ အဲယားကွန်း(၁)လုံး၊ ကောနစ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ကြွေခင်းကြွေကပ်၊ ရှေ့နောက် ဝရန်တာ သံပန်း၊ ဆန်းရှိတ်၊ ရေမီးကိုယ်ပိုင်၊ လေဝင် လေထွက် ကောင်း၊ တိုက်သစ်၊ သိန်း(၇၃၀)
ဖုန်း-၀၉-၄၀၁၆၁၆၉၁၇၊ ၀၉-၂၅၄၂၈၂၂၈၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၄၅/က၊ မြေကွက်တည်နေရာအမှတ် (၄၅/က)၊ တကောင်း (၂)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ဦးဘထွန်း(ခ)ဦးခင်မောင်ဝင်းအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးဘထွန်း (ခ) ဦးခင်မောင်ဝင်း၊ မိခင် ဒေါ်တင်နုတို့ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းရီ [၁၂/ဥကတ(နိုင်)၀၀၂၈၃၄]၊ ဦးခင်မောင်ပြုံး (ခ) ဦးသက်နိုင်[၁၂/ဥကတ(နိုင်) ၀၉၉၈၂၈]၊ ဒေါ်ခင်မာချို[၁၂/ဥကတ(နိုင်) ၀၀၂၇၅၀]၊ဒေါ်အေးအေးဝင်း[၁၂/ဥကတ(နိုင်)၁၅၈၄၃၈]၊ ဒေါ်ညွန့်ညွန့်ဝင်း[၁၂/ဥကတ(နိုင်) ၁၈၇၄၈၁]၊ ဒေါ်ခင်ချို[၁၂/ဥကတ(နိုင်) ၀၇၈၅၉၁]၊ ဒေါ်ခင်အုန်းမြင့်[၁၂/ဥကတ (နိုင်)၀၀၂၇၄၄]၊ ဒေါ်ဌေးဌေးဝင်း[၁၂/ဥကတ(နိုင်) ၀၀၂၇၄၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ ၎င်းတို့မောင်နှမခုနစ်ဦးကိုယ်စား အထွေအထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၃၇/၅-၉-၁၄) ရရှိသူ ဒေါ်ခင်မာချို [၁၂/ဥကတ(နိုင်)၀၀၂၇၅၀] မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း နှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ(၁၀၄၇/၁၉-၉-၁၄) တင်ပြ၍ ကျန်မောင်နှမတစ်ဦးဖြစ်သည့် ဦးခင်မောင်ပြုံး(ခ)ဦးသက်နိုင်[၁၂/ဥကတ(နိုင်) ၀၉၉၈၂၈] နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဖတ်စရာ**

# မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုဘုရားကြီးနှင့် လေးထပ်ရုပ်စုံတံကဲကြီး

**à 0i;Akdf**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့သည် သာယာဝတီမင်းလက်ထက်က စုဆောင်းပြုစုခဲ့သည့် ပုသိမ် ၃၂ မြို့စာရင်းတွင် ကနောင်မြို့၏အမည်ကို (ကျိုက်တောမြို့၊ ကျိုက်တောသုံးဆိုင်မြို့၊ ကနောင်မြို့) ဟု ဖော်ပြထားပြီး အားလုံးမွန်စကားချည်းဖြစ်သည်။

ကျိုက်တောဆိုသည်မှာ ဘုရားများဖြင့်သာယာစည်ကားသောမြို့ဟု အဓိပ္ပာယ်ရှိပြီး ကနောင်ဆိုသည်မှာ ခနောင်းဝဲ (ဩဃ) ဖြစ်သည်။ ကနောင်မင်းသားကြီးအပိုင်စားခဲ့သော ကနောင်မြို့တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့ရာ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများစွာရှိသည့်အနက် အမှတ် (၅) ရပ်ကွက် ရိုက်စုရပ်ဘုရားကြီးကျောင်းတိုက်အတွင်း မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုမြတ်စွာဘုရားကြီးနှင့် လေးထပ်ရုပ်စုံတံကဲကြီးလည်း ပါဝင်သည်။

မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုဘုရားကြီးကို သာသနာတော်သက္ကရာဇ် ၂၄၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၂၆၁ ခု၊ တန်ခူးလဆုတ် ၃ ရက် တနင်္လာနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်မြို့အင်ကြင်းမြောင်တောရဆရာတော်ဟုထင်ရှားသော ဆရာတော်ဦးအာသဘ ဦးစီး၍ သွန်းလုပ်ခဲ့ပြီး အလှူရှင်များမှာ ကနောင်မြို့မြောက်ရပ် ဦးရွှေကျမ်း-ဒေါ်လုံမတို့က မတည်ပြီး ကနောင်မြို့သူမြို့သား၊ နယ်သူနယ်သားများက စုပေါင်းလှူဒါန်းကြသည်။

မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုဘုရားကြီးသည် ဉာဏ်တော်ကိုးတောင်နှစ်မိုက်ရှိပြီး ကြေးပိဿာချိန် ၄၀၀၀၊ တန်ဖိုးငွေဒင်္ဂါး ၆၀၀၀ ကျပ်၊ ဘင်ပိဿာချိန် ၁၀၀၀ တန်ဖိုးငွေဒင်္ဂါး ၂၀၀၀ ကျပ်နှင့် မျက်နှာတော်သွန်းလောင်းရာတွင် ရွှေငွေရတနာများ ထည့်ဝင်လှူဒါန်း၍ ပူဇော်ထားကြောင်း သမိုင်းကျောက်စာအရ သိရသည်။

မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုဘုရားကြီး စံပယ်တော်မူရာ သစ်သားတံကဲတော်ကြီးကို ပန်းပုပညာရှင် ပခုက္ကူမြို့မှ ပန်းပုဆရာကြီး ဦးကံကြီးနှင့်သား မောင်တေတို့က ကြေးဆင်းတုတော်ကြီးသွန်းလုပ်သည့် ကောဇာသက္ကရာဇ် ၁၂၆၁ ခုနှစ်တွင် စတင်ထုလုပ်ခဲ့ပြီး ယမနေသစ်ဖြင့် သစ်လုံးအတိုင်း လေးထပ်ဖောက်ပန်းများနှင့် ဗုဒ္ဓဝင်နိပါတ်တော်လာ ဇာတ်ဝင်ခန်းကို ရုပ်လုံးရုပ်ကြွများဖြင့် ထုလုပ်ထားရာ တံကဲတော်ကြီး၏ အထက်တည့်တည့်တွင် မဟာဇနကဇာတ်တော်ကြီး၊ အရှေ့ဘက်ခြမ်းတွင် ကြာချီလှုပ်ခန်း၊ တောထွက်ခန်းများနှင့် အနောက်ဘက်ခြမ်းတွင် ဝိဓူရဇာတ်တော်တို့ကို ရုပ်လုံးရုပ်ကြွများဖြင့် အနုပညာလက်ရာမြောက်စွာ ထုလုပ်ပူဇော်ထားသည်။

ကနောင်တံကဲကြီးကို ယမနေသားဖြင့် အမြင့် ၁၈ ပေ ရှစ်လက်မ၊ အနံ ၁၅ ပေ သုံးလက်မ၊ ဒု (အထူ) ခြောက်လက်မ၊ လေးထပ်ပန်းပုံဖော်၍ ဗုဒ္ဓဝင်နိပါတ်တော်လာ ဇာတ်ဝင်ခန်းများဖြင့် အချိန်သုံးနှစ်ကြာ ထုလုပ်ခဲ့ရပြီး လက်ခငွေဒင်္ဂါး ၃၀၀၀ ပေးရကြောင်း ဘုရားကြီး ကျောက်စာမှတ်တမ်းအရ သိရသည်။။

ပခုက္ကူမြို့မှ ပန်းပုဆရာကြီး ဦးကံကြီးနှင့်သားမောင်တေတို့သည် ပခုက္ကူမြို့၊ ရွှေကူဘုရားကြီး၏ ရှစ်ထပ်တံကဲတော်ကြီးကို ထုလုပ်သူများဖြစ်ပြီး ကနောင်တံကဲတော်ကြီး ထုလုပ်ပြီး ရှစ်နှစ်အကြာ ကောဇာသက္ကရာဇ် ၁၂၆၉ ခုနှစ်မှစတင်၍ ရွှေကူတံကဲကြီးကို ထုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ရှားပါး၍ တန်ဖိုးမဖြတ်နိုင်သော နှစ်ပေါင်း ၁၁၅ နှစ်သက်တမ်းရှိပြီဖြစ်သည့် မဟာလောကမုနိန်မာရဇိန် ကြေးဆင်းတုဘုရားကြီးနှင့် တံကဲတော်ကြီးကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ ရိုက်စုရပ်ဘုရားကြီးကျောင်းတိုက်တွင် လာရောက်ဖူးမြော် ကြည်ညိုနိုင်ပါကြောင်း။

# ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွများ ထိန်းသိမ်းထားရှိ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၄**

မုံရွာခရိုင် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကုန်းဘောင်ခေတ် ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွများကို ပြတိုက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။



"ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အနုပညာလက်ရာတွေကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားမှသာ နောင်လာနောက်သားတွေအနေနဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မြင့်မားမားတည်ရှိခဲ့တာကို လေ့လာသိရှိနိုင်မှာ ဖြစ်ပါတယ်။ အခု ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းက ပြတိုက်တည်ဆောက်ပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ကုန်းဘောင်ခေတ် ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွတွေက အရင်တုန်းက ဘုရားကြီးကျောင်းတိုက် ပရိဝုဏ်အတွင်း မဟာလောကမာရဇိန်စေတီတော်ကြီးအနီးမှာ ထိန်းသိမ်းမှုမဲ့ပြီး တည်ရှိနေခဲ့တာ။

နောက်တော့ အထက်မြန်မာပြည် ရှေးဟောင်းသုတေသနဦးစီးဌာန (မန္တလေး) က ပြတိုက်တည်ဆောက်ပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပေးတာမို့ ကုန်းဘောင်ခေတ်လက်ရာ ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွတွေကို တွေ့မြင်နိုင်တာ ဖြစ်ပါတယ်" ဟု ဘုရားကြီးကျေးရွာ ဘုရားကြီးတိုက်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥက္ကံသက မိန့်ကြားသည်။

ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ပြတိုက်တွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသည့် ကုန်းဘောင်ခေတ်လက်ရာ ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွများမှာ သက်ဝင်လှုပသည့်ရုပ်ကြွများဖြစ်ပြီး ရှေးခေတ်မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်း ကြီးကျယ်မြင့်မားပုံကို ညွှန်းဆိုထားသည့်နှယ် ဖြစ်သည်။ ရာမဇာတ်တော်တွင်ပါဝင်သည့် ဇာတ်ဝင်ခန်းများကို ရုပ်ကြွပေါင်း ၂၉၆ ခုဖြင့် ထွင်းထုထားရှိပြီး ရုပ်ကြွများအား အုတ်အင်္ဂတေတံတိုင်းများ၏ နှစ်ဖက်တွင် ကပ်လျက် အစီအရီပြသထားရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျောက်ကြီးမြို့ အ.မ.က ကျောင်းဆောင်သစ်ဖွင့်

**ကျောက်ကြီး၊ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မွေတွင်းကျေးရွာအုပ်စု လက်ပံခုံကျေးရွာ၌ နိုင်ငံတော်ရန်ပုံငွေကျပ် ၃၂၄ သိန်းဖြင့် ထနောင်းမြေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သည့် အ. မ. က ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဦးတင်အောင်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာလင်းတို့ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်မှ ထောက်ပံ့ထားသော အထောက်အပံ့များကို တန်ဖိုးရှိအောင် အသုံးချ၍ မိမိတို့ဘက်မှလည်း ပိုမိုတိုးတက်အောင် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ကြရန်ပြော ကြားခဲ့သည်။ မွေတွင်းအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုဥက္ကဋ္ဌ ဦးကျင်ဦး၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကြည်စိုးနှင့် လက်ပံခုံ အ. မ. က ကျောင်းအုပ် ဆရာမကြီး ဒေါ်ငွေငွေတို့ ကကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

**ကျောက်ကြီးမီဒီယာအဖွဲ့**

## စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

ဘွဲ့ရခြင်း နှစ်(၃၀)ပြည့် ပုလဲရတုအဖြစ် မန္တလေးဆေးတက္ကသိုလ် 79-94 Batch ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် စုံစုံညီညီ တက်ရောက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဒေါက်တာစံလင်း ဖုန်း-၀၉-၅၁၃၇၃၈၉၊ ဒေါက်တာထွန်းမြင့် ဖုန်း-၀၉-၇၉၇၂၇၇၇၉၄၊ ဒေါက်တာသွဲ့ ဖုန်း-၀၉-၂၀၀၂၇၄၇၊ ဒေါက်တာခင်သက်ဝေ ဖုန်း-၀၉-၂၀၀၉၃၈၂၊ ဒေါက်တာခင်မောင်ထွေး ဖုန်း-၀၉-၅၂၇၆၀၀၅၊ ဒေါက်တာသန်းအောင် ဖုန်း-၀၉- ၇၃၂၀၀၇၈၆၊ ဒေါက်တာမြင့်ဦး ဖုန်း-၀၉-၄၃၀၂၈၀၃၆၊ ဒေါက်တာစိုင်းအောင်ကျော် ဖုန်း-၀၉-၅၂၁၄၅၅၇၊ ဒေါက်တာနွဲ့ ဖုန်း-၀၉-၂၀၀၂၇၁၂၊ ဒေါက်တာခင်မောင်ကြည် ဖုန်း-၀၉-၂၅၀၀၉၄၃၉၄

(သီးသန့်ဖိတ်စာမပို့တော့ပါ)

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၁-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ အချပ်ပိုကြော်ငြာ (၁)တွင် ကန့်ကွက်နိုင်ကြောင်းပါ မြေကွက်အမှတ်(၃၅)အစား မြေကွက်အမှတ်(၃၅၅) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်၊ အဖ ဦးညီညီစိုး၏သား [၇/ပခန(နိုင်)၂၂၉၆၁၀] ကိုင်ဆောင်သူ မောင်နိုင်းတူးနိုင်နှင့် တူးနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ရခိုင်ပြည်နယ်ဘုရားဖူး

(Dec,12,26) 181,
Ph:09448003431

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်-၆၉၈/က၊ မြေကွက်တည်နေရာအမှတ်-၆၉၈/က၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရီ(မိခင်)နှင့် ဦးအုန်းခင်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်လှမြင့်[၁၂/သကတ(နိုင်)၀၀၈၁၀၉]၊ ၂။ဒေါ်ခင်ဝင်း[၁၄/အမတ(နိုင်)၀၃၁၉၉၃]၊ ၃။ ဦးဉာဏ်ကျယ်[၁၂/သကတ(နိုင်)၀၁၁၄၁၄]တို့အနက် အမှတ်စဉ် ၁၊ ၂ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၈၃၇/၁၄ ရသူ အမှတ်စဉ်-၃ ဦးဉာဏ်ကျယ်[၁၂/သကတ(နိုင်)၀၁၁၄၁၄]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန
## နိုင်ငံခြားသင်္ဘောကြီးများသို့ ရိက္ခာပေးသွင်းရန် အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ကိုင်တွယ်ရသော နိုင်ငံခြားသင်္ဘောကြီးများအတွက် လိုအပ်သောရိက္ခာများ ပေးသွင်းခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၎င်းဌာနရှိ ရှင်း/ပို့ ရိက္ခာဌာနစုတွင် ရုံးချိန်အတွင်း အမျိုးသား/နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသူ ပြည်ထောင်စုမြန်မာနိုင်ငံသားများ လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက် ၁၅-၁၂-၂၀၁၄ ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ကိုယ်စားလှယ်လုပ်ငန်းဌာန အစည်းအဝေးခန်းမရှိ အိတ်ဖွင့်တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါကော်မတီ
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အမှတ်(၃၅/၈၇)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၃၀၁၁၈၇


ISO 9001:2008 Cert. No. 651361
Up to
30 % Off
ဆောင်းရာသီအထူးအစီအစဉ်
Forever
Gems
by
ရွှေနန်းတော်
ကျပ်(၃)သိန်းမှ(၁၀)သိန်း တန်ဖိုးရှိ
Fancy ပုံစံ စိန်နားကပ်၊ လက်စွပ်နှင့် ဆွဲသီးများ
၂၀၁၄ ဒီဇင်ဘာ(၁)ရက်နေ့မှ
ဇန်နဝါရီ(၃၁)ရက်ထိ
သိန်း(၆၀)ဖိုးဝယ်ယူသူတိုင်း
ငွေ (၂၅၀၀၀) ပြန်ရရှိမည်။
ချက်ခြင်းပေါက်ချက်ခြင်းယူ
ဗလာမပါကံစမ်းမဲများ
❖ ၁ကျပ်ခွဲသားရွှေဆွဲကြိုး (၃)ဆု
❖ ၁ကျပ်သားရွှေဆွဲကြိုး (၅)ဆု
❖ ၁၂ပဲသားရွှေဆွဲကြိုး (၅)ဆု
❖ ၈ပဲသားရွှေဆွဲကြိုး (၅)ဆု
❖ ၄ပဲသားရွှေဆွဲကြိုး (၁၀)ဆု
❖ ၂ပဲသားရွှေဆွဲပြား (၂၀)ဆု
❖ ၁ပဲသားရွှေလက်စွပ် (၃၀)ဆု
ဟောင်ကောင်လက်ရာ စိန်ထည်ပစ္စည်းများ
GIA/HRD Certificate စိန်များ
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card
Junction Square Shopping Centre : ဖုန်း 09 731 45462, 09 731 45463
အမှတ် (၇၄၃)၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 01 227212,229409, 210572
အမှတ် (၇၀၀/၇၀၃)၊ မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 01 228751,226977, 211728


Western Park Restaurant
ကျွမ်းကျင်သော စားဖိုမှူးတို့၏ လက်ရာ၊ ပြီးပြည့်စုံသော ဝန်ဆောင်မှုတို့ဖြင့်
နှစ်ပေါင်း(၂၀)ကျော်တိုင် အောင်မြင်စွာရပ်တည်ခဲ့သော Western Park Restaurant
အားကာမေမြို့နယ်အတွင်းသို့ ၀၅.၁၂.၂၀၁၄ နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါ၍ စားသုံးသူ
မိတ်ဟောင်း၊ မိတ်သစ်များ လာရောက်အားပေးပါရန် သတင်းကောင်းပါးအပ်ပါသည်။
Soft Opening ကာလအတွင်း 10% Discount ပေးပါမည်။
Soft Opening
အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့်လေးထောင့်ကန်လမ်းထောင့်၊ (Sky Star Hotel အနီး)
ကာမေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ ၈၆၀၄၆၂၂၊ ၈၆၀၄၆၃၃၊ ၀၉ ၇၃၀၄၁၀၉၀။


POCKET MAP
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Clear Touch inner Pocket
(for 2 mobiles)
NoBulge Pocket Design
Pen Pocket x2
Eyeglass Pocket
Travel Documents Pocket
Digital Camera Pocket
i-Pad Pocket
Extendable Key Holder
& Water Bottle Loop
INTERIOR VIEW
www.cncmenwear.com
www.facebook.com/cnc1999
CNC JACKET
MEN'S WEAR
cnc-men's
SOPHISTICATED
MUSIC
Limited
EDITION

# မျက်ကွယ်တွင် ယာဉ်စည်းကမ်းချိုးဖောက်မှုများကင်းဝေးရန် လူလုပ်သည့်အတားအဆီးများဖြင့် ကြပ်မတ်နေ

ရန်ကုန် ဒီဇင်ဘာ ၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၏ မျက်ကွယ်ချိန်များတွင် ယာဉ်စည်းကမ်းချိုးဖောက်မှုများရှိလာခြင်းကြောင့် လူလုပ်သည့် အတားအဆီးများဖြင့် ကြပ်မတ်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

"ဆွေးနွေးမှုတွေလုပ်တော့လည်း စည်းကမ်းလိုက်နာကြတယ်။ ဖမ်းမယ်ဆီးမယ်လုပ်တော့လည်း လိုက်နာကြတယ်။ ဒါပေမယ့် နောက်ကွယ်ကျတော့ စည်းကမ်းချိုးဖောက်နေကြတယ်။ ဒါကြောင့်လည်း လူလုပ်တဲ့အတားအဆီးတွေ ပြုလုပ်ပေးပြီးတော့ ပြုပြင်ဖို့လိုတယ်ဆိုတာ သုံးသပ်မိပါတယ်"ဟု အမှတ်(၆)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ အရာရှိတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ မြို့လယ်ဧရိယာများတွင် ခရီးသည်တင်ယာဉ်များအတွက် လမ်းယာဘက်အခြမ်းမှ ကပ်မောင်းရန် မျဉ်းဝါလိုင်းကိုရေးဆွဲပြီး လမ်းကြောင်းသတ်မှတ်ခဲ့ကြောင်း၊ တစ်လလောက်ကြာမြင့်သည်အထိ လိုက်နာမှု အားနည်းခြင်းကြောင့် ကွန်ကရစ်တုံးများချကာ လမ်းကြောင်းသတ်မှတ်၍ စီစဉ်ဆောင်ရွက်ပေးလာကြောင်း၊ မီးပွိုင့်ဧရိယာများအနီးတွင်လည်း လမ်းပြောင်းပြန်ကျော်တက်မောင်းနှင်လာကာ ရှေ့မှဖြတ်ဝင်ခြင်းမျိုးမရှိစေရန် ကွန်ကရစ်တုံးများချကာ စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



ခရီးသည်တင်ယာဉ်များအတွက် မျဉ်းဝါလိုင်းအပြင် ကွန်ကရစ်တုံးများချ၍ လမ်းကြောင်းသတ်မှတ်ထားသည်ကိုတွေ့ရစဉ်။

## မာတိကာ

ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တိုင်းမှာ အမျိုးသမီးများရဲ့ စွမ်းပကားကို မြှင့်တင်ကြပါစို့

စာမျက်နှာ - ၁၀

ချယ်လ်ဆီးဂိုးသမားအား ခေါ်ယူရန် ရိုးမားအသင်း စီစဉ်နေ

စာမျက်နှာ - ၁၃

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ တွင် "တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း" ပါရှိပါသည်။

# ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

သတင်း စာမျက်နှာ » ၁၂



ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စုတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် ဖျော်ဖြေစဉ်။

# အာရှယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(F)၌ ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်တို့နှင့် တစ်အုပ်စုတည်းကျရောက်

ရန်ကုန် ဒီဇင်ဘာ ၄

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ အာရှယူ-၂၃ ဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲအုပ်စုများကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ရေးဆွဲခဲ့ပြီး မြန်မာအသင်းမှာ အုပ်စု(F)တွင် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ ခြေစစ်ပွဲကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းအား စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ပြိုင်ပွဲများနှင့် ခြေစမ်းပွဲများကစားရန် စီစဉ်ထားပြီး ပထမဆုံးပြိုင်ပွဲအဖြစ် ဇန်နဝါရီလတွင် ကျင်းပမည့် မာရာဟာလင်ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းမှာ ဥရောပနိုင်ငံများသို့ သွားရောက်၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အီရတ်၊ အိုမန်၊ ဘာရိန်း၊ လက်ဘနွန်၊ မော်လ်ဒိုက်၊ အုပ်စု(B)တွင် ဂျော်ဒန်၊ ကူဝိတ်၊ ကာဂျစ္စတန်၊ ပါကစ္စတန်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

themirror.npt@gmail.com
www.facebook.com/themirrordaily







# Blue Ocean operating management အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးထွန်းထွန်းနိုင် ဦးစီးဆောင်ရွက် လျက်ရှိသည့်
Blue Ocean Operating Management Co., Ltd သည်
(၈)ကြိမ်မြောက် ASEAN Business Award အခမ်းအနားတွင်
နိုင်ငံအဆင့် လူငယ် စီးပွားရေးစွန့်ဦး တီထွင် လုပ်ငန်းရှင် ဆုနှင့်
အာဆီယံအဆင့် ASEAN Business Award 2014 တွင်
**The Most Admired ASEAN Young Entrepreneur** ဆုကို
ရရှိသည့်အတွက် MTI Corporation နှင့်
Board of Directors များမှ အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။




MTI
Myanmar Technologies And Investment Corporation

Global Technology Co., Ltd.

Myanmar ComBiz Group

LUCKY BIRD

MICRO Since 1998

INFORMATION MATRIX Innovating for the future

ATO Ahtar Oo Co., Ltd

mpss

MMG

MTG

